# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ဂုဏ်သတင်းပျံ့နှံ့လိုင်ကြ၏

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက် | ၂၀၂၅ ခုနှစ်၊ မေ ၉ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ် (၂၁၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်


၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကာဇက်စတန်နိုင်ငံသမ္မတ H.E. Mr. Kassym-Jomart Tokayev တို့ တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာဇက်စတန်နိုင်ငံသမ္မတ H.E. Mr. Kassym-Jomart Tokayev နှင့် တွေ့ဆုံဆွေးနွေး

## မြန်မာနိုင်ငံအနေဖြင့် ကာဇက်စတန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည်

နေပြည်တော် မေ ၈

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန်အတွက် မော်စကိုမြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် ညနေပိုင်းတွင် ကာဇက်စတန်နိုင်ငံသမ္မတ H.E. Mr. Kassym-Jomart Tokayev နှင့် Ritz Carlton ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ➡*

**ယနေ့ ဖတ်စရာ**

**လူစွမ်းအားရင်းမြစ်အညွန့်အဖူးများ လန်းဆန်းရှင်သန်ကြပါစေ**

ဆောင်းပါး | စာ ၁၀

**ငွေကြေးဒဏ်သင့် အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်နှင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့ရမှုထောက်ပံ့ငွေဆိုင်ရာ ကြေညာချက်ထုတ်ပြန်**

ကြေညာချက် | စာ ၁၁

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ RT TV Channel (ဝဲပုံ) နှင့် Krasnaya Zvezda သတင်းစာ (ယာပုံ) တို့၏ တွေ့ဆုံမေးမြန်းမှုများအား လက်ခံဖြေကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ RT TV Channel နှင့် Krasnaya Zvezda သတင်းစာတို့၏ တွေ့ဆုံမေးမြန်းမှုများအား လက်ခံဖြေကြား

**နေပြည်တော် မေ ၈**

ရုရှားဖက်ဒရေးရှင်း နိုင်ငံတွင် ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ RT TV Channel နှင့် Krasnaya Zvezda သတင်းစာတို့၏ တွေ့ဆုံမေးမြန်းမှုများအား မော်စကိုမြို့ Ararat Park ဟိုတယ်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံ၍ သိရှိလိုသည့် မေးမြန်းမှုများကို ဖြေကြားသည်။

**ဆက်လက်ဖော်ပြသွားမည်**

ထိုသို့တွေ့ဆုံမေးမြန်းရာတွင် RT TV Channel မှ အယ်ဒီတာချုပ်နှင့် Krasnaya Zvezda သတင်းစာမှ အထူးသတင်းထောက်တို့၏ မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုနှင့် နိုင်ငံတကာမှ ကယ်ဆယ်ရေးနှင့် အကူအညီပေးရေးဆိုင်ရာများကို ကူညီဆောင်ရွက်ပေးခဲ့မှု၊ လူသားချင်းစာနာထောက်ထားမှုဆက်ဆံရေးအပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား အခြားနယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀) ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားဆိုင်ရာ သမိုင်းကြောင်းအပေါ် ထင်မြင်ချက်များ၊ မြန်မာ့တပ်မတော် ကိုယ်စားပြုစစ်ရေးပြတပ်ဖွဲ့တစ်ဖွဲ့အနေဖြင့် ပထမဆုံးအကြိမ်အဖြစ် ယခုစစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်မည့်အပေါ် သဘောထားအမြင်၊ အာဆီယံဒေသအတွင်း မြန်မာနိုင်ငံ၏ အခန်းကဏ္ဍစသည်တို့နှင့် အခြားသိရှိလိုသည်များအား မေးမြန်းရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောကြားခဲ့ကြောင်းနှင့် မေးမြန်းဖြေကြားမှုအပြည့်အစုံအား ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။

တွေ့ဆုံမေးမြန်းမှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား သတင်းဌာနများမှ အမှတ်တရလက်ဆောင်ပစ္စည်းများ၊ Krasnaya Zvezda သတင်းစာ၏ နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်တံဆိပ်နှင့် စာအုပ်တို့ကို ဂါရဝပြုပေးအပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှတ်တရလက်ဆောင်ပစ္စည်းပြန်လည်ပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

○ *ရှေ့ဖုံးမှ*

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ကာဇက်စတန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းတို့ တက်ရောက်ကြပြီး ကာဇက်စတန်နိုင်ငံသမ္မတနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**❑ မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများအပေါ် မြန်မာနိုင်ငံအစိုးရ၊ ပြည်သူလူထုတို့နှင့်ထပ်တူ စိတ်မကောင်းဖြစ်ရ၊ ထိခိုက်ဆုံးရှုံးခဲ့ရမှုများကို နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့လက်တွဲ၍ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အကောင်းဆုံးဆောင်ရွက်၍ ကျော်ဖြတ်သွားနိုင်မည်ဟုလည်း ယုံကြည်**

**ကာဇက်စတန်နိုင်ငံသမ္မတ**

ထိုသို့တွေ့ဆုံရာတွင် ကာဇက်စတန်နိုင်ငံသမ္မတက မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများအပေါ် မြန်မာနိုင်ငံအစိုးရ၊ ပြည်သူလူထုတို့နှင့်ထပ်တူ စိတ်မကောင်းဖြစ်ရပါကြောင်း၊ ထိခိုက်ဆုံးရှုံးခဲ့ရမှုများကို နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့လက်တွဲ၍ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အကောင်းဆုံးဆောင်ရွက်၍ ကျော်ဖြတ်သွားနိုင်မည်ဟုလည်း ယုံကြည်ပါကြောင်းဖြင့် ဦးစွာပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည်မှာ ၂၅ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ ကာဇက်စတန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအနေဖြင့်လည်း ၂၀၂၅ ခုနှစ် ဧပြီလအတွင်း၌ သံအမတ်ခန့်အပ်လွှာကို အဆွေတော်ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်သေဆုံးခဲ့ရမှုများ၊ ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် အဆွေတော်အနေဖြင့်ထပ်တူဝမ်းနည်းကြောင်း၊ စာနာထောက်ထားကြောင်းနှင့် မြန်မာနိုင်ငံအတွက် ကူညီဆောင်ရွက်ပေးရန် အသင့်ရှိပါကြောင်း သဝဏ်လွှာပေးပို့ခဲ့သည့်အတွက်လည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကာဇက်စတန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကာဇက်စတန်နိုင်ငံသမ္မတတို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ် ဘဲလေးအကဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ် ဘဲလေးအကဖြင့် ကပြဖျော်ဖြေမှုအား ကြည့်ရှုအားပေး

**နေပြည်တော်   မေ   ၈**

ရုရှားဖက်ဒရေးရှင်း နိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန်အတွက် မော်စကိုမြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ လိုက်ပါ၍ မေ ၇ ရက် ဒေသစံတော်ချိန် ညပိုင်းတွင် State Academic Bolshoi Theatre သို့ ရောက်ရှိကြပြီး ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် "The Young Lady and The Hooligan" ဘဲလေးအကဖြင့် ကပြဖျော်ဖြေမှုအား ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် State Academic Bolshoi Theatre သို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ Mrs. Valentina Matvienko နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ တာဝန်ရှိသူများ၊ အထိမ်းအမှတ်ကပွဲသို့ လာရောက်ကြည့်ရှုကြသူများနှင့်အတူ ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ်အဖြစ် "The Young Lady and The Hooligan" ဘဲလေးအကဖြင့် ကပြဖျော်ဖြေမှုအား ကြည့်ရှုအားပေးကြသည်။

ကပြဖျော်ဖြေမှု အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဖျော်ဖြေရေးအဖွဲ့များအတွက် ဂုဏ်ပြုပန်းခြင်းကို ပေးအပ်ချီးမြှင့်ခဲ့ရာ ကဇာတ်ရုံမှ တာဝန်ရှိသူတစ်ဦးက ကိုယ်စားပေးအပ်ခဲ့သည်။

အဆိုပါ State Academic Bolshoi Theatre သည် ကမ္ဘာ့အကျော်ကြားဆုံး ကဇာတ်ရုံများထဲမှ တစ်ခုဖြစ်ပြီး ၁၉ နှင့် ၂၀ ရာစုများအတွင်း Bolshoi ကဇာတ်ရုံသည် Tchaikovsky၊ Glinka နှင့် Mussorgsky တို့၏ လက်ရာများ ပထမဆုံးဖျော်ဖြေခဲ့သည့် ရုရှားအော်ပရာနှင့် ဘဲလေး အနုပညာတို့၏ ယဉ်ကျေးမှုဗဟို အချက်အချာနေရာ ဖြစ်လာခဲ့ကြောင်း၊ ၂၀၀၅ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အကြီးစားပြန်လည်မွမ်းမံမှုများ ပြုလုပ်ခဲ့ပြီး ခေတ်မီစက်ပစ္စည်းများ တပ်ဆင်ကာ သမိုင်းဝင် အဆောက်အအုံ၏ အလှကို ပြန်လည်ထိန်းသိမ်းခဲ့ကြောင်း၊ ယနေ့အချိန်တွင် Bolshoi ကဇာတ်ရုံသည် ရုရှားယဉ်ကျေးမှု၏ သင်္ကေတတစ်ခုအဖြစ် ကမ္ဘာ့အဆင့်မီ အနုပညာဖျော်ဖြေမှုများကို ဆက်လက်တင်ဆက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုခြင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Fomin နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော်   မေ   ၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ယနေ့နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုသည်။



## ကြိုဆိုနှုတ်ဆက်

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Fomin နှင့်အတူ မော်စကိုမြို့ရှိ အညတရစစ်သည် ဂူဗိမာန်သို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Mr. Andrey Belousov နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

## လွမ်းသူ့ပန်းခွေချအလေးပြု

ယင်းနောက် ရှေ့ဆောင်စစ်သည်များမှ ဦးဆောင်၍ လွမ်းသူ့ပန်းခွေအား သယ်ဆောင်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Mr. Andrey Belousov၊ အခြားပြည်ပနိုင်ငံမှ ကာကွယ်ရေးဝန်ကြီးများနှင့်အတူ အညတရစစ်သည် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Fomin နှင့် မော်စကိုမြို့ Plaza Garden Hotel ၌ တွေ့ဆုံဆွေးနွေးခဲ့ပြီး အဆိုပါဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကိုယ်စားလှယ်အဖြစ် လိုက်ပါလာသော ကာကွယ်ရေးဝန်ကြီးဌာနမှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Fomin က ဟိုတယ်ရှိ အစည်းအဝေးခန်းမမှ ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှုများအတွက် ရုရှားနိုင်ငံမှ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များနှင့် ဆေးဝါးများအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပံ့ပိုးပေးခဲ့မှုများအတွက် အထောက်အကူများစွာရရှိခဲ့သဖြင့် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။ ထို့နောက် နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနများနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ကာကွယ်ရေးဆိုင်ရာ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံစစ်ဘက်နည်းပညာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များ၊ စစ်ဘက်ပညာတော်သင်များဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးတို့အား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌ Mrs. Valentina Matvienko တို့ တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် မေ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေသည့် ဇနီး ဒေါ်ကြူကြူလှသည် ယနေ့ ဒေသစံတော်ချိန် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌ Mrs. Valentina Matvienko နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီရုံး၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌက ရုရှားဘက်မှ တာဝန်ရှိသူများနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက မြန်မာဘက်မှ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် တွေ့ဆုံဆွေးနွေးပွဲကို ဧည့်ခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ထပ်တူကြေကွဲ ဝမ်းနည်းမိပါကြောင်း၊ ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေဖြင့်လည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် အမျိုးသမီးစောင့်ရှောက်မှု စီမံကိန်းများရှိပြီး ယူရေးရှားအမျိုးသမီးဖိုရမ်(Eurasian Wo–men's Forum)ကို သုံးနှစ်တစ်ခါ ပြုလုပ်လျက်ရှိကြောင်း၊ ယင်းဖိုရမ်တွင် ကလေးငယ်များနှင့် အမျိုးသမီးများ၏ စိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် လုပ်ဆောင်ပေးလျက်ရှိပြီး အမျိုးသမီးများနှင့် ပတ်သက်သည့် စီမံကိန်းများတွင် မြန်မာနိုင်ငံအနေဖြင့်လည်း ပါဝင်လာနိုင်ရန် မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက ပြန်လည်ပြောကြားရာတွင် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် ငလျင်ဘေးဒဏ်ကြုံတွေ့ခဲ့အပြီးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အပါအဝင် နိုင်ငံတကာမှ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ကြသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဘက်ပေါင်းစုံမှ ကူညီထောက်ပံ့ပေးမှုများသည် မြန်မာနိုင်ငံအတွက် အထောက်အကူများစွာဖြစ်စေပြီး ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌတို့သည် နှစ်နိုင်ငံအကြား ပညာရေးကဏ္ဍနှင့် စီးပွားရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ BRICS အမျိုးသမီးစီးပွားရေး မဟာမိတ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာဥက္ကဋ္ဌ Ms. Anna Nesterova နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေသည့် ဇနီး ဒေါ်ကြူကြူလှသည် ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်းတွင် BRICS အမျိုးသမီးစီးပွားရေး မဟာမိတ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာဥက္ကဋ္ဌ Ms. Anna Nesterova နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီရုံး၌ တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး၏ ဇနီး ဒေါ်နီလာ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၏ ဇနီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်မေစိုး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၏ ဇနီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး BRICS အမျိုးသမီးစီးပွားရေး မဟာမိတ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာဥက္ကဋ္ဌနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များအား BRICS အမျိုးသမီးစီးပွားရေး မဟာမိတ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာဥက္ကဋ္ဌက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် BRICS အမျိုးသမီးစီးပွားရေး မဟာမိတ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာဥက္ကဋ္ဌတို့သည် မကြာမီပြုလုပ်မည့် BRICS Forum တွင် အစိုးရနှင့် စီးပွားရေးနယ်ပယ်ပေါင်းစုံမှ အမျိုးသမီးများပါဝင်သည့် အခြေအနေများ၊ BRICS အမျိုးသမီးစီးပွားရေး မဟာမိတ်အဖွဲ့ရုံးခွဲများကို ကမ္ဘာ့နိုင်ငံများတွင်ဖွင့်လှစ်ထားလျက်ရှိပြီး မြန်မာနိုင်ငံဘက်မှ စိတ်ဝင်စားပါက လာရောက်ဖွင့်လှစ်လိုသည့် အခြေအနေများ၊ လက်ရှိကမ္ဘာ့ရေးရာများတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုအားပေးဆောင်ရွက်ရမည့် အချိန်သို့ ရောက်ရှိနေပြီဖြစ်သည့်အခြေအနေများ၊ အမျိုးသမီးများ၏ နေ့စဉ်လူမှုဘဝဆောင်ရွက်မှုများသာမက ကမ္ဘာ့ရေးရာကိစ္စရပ်များတွင် ရဲစွမ်းသတ္တိ၊ ယုံကြည်မှု၊ လုံ့လဝီရိယရှိမှု၊ ဦးဆောင်နိုင်မှု၊ ဖန်တီးနိုင်မှု စွမ်းအားတို့ဖြင့် လုပ်ကိုင်ဆောင်ရွက်နေမှုများအား အသိအမှတ်ပြုအားပေးရန် လိုအပ်သည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးစွမ်းဦးတီထွင်မှုအခန်းကဏ္ဍ မြှင့်တင်ပေးနိုင်ရေးဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ရုရှား–မြန်မာ နှစ်နိုင်ငံအကြား ပညာရေးနှင့် အမျိုးသမီးရေးရာတို့တွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် BRICS အမျိုးသမီးစီးပွားရေးမဟာမိတ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



ယင်းနောက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် မော်စကိုမြို့ရှိ State Tretya–kov Gallery သို့ ရောက်ရှိကြရာ ပြတိုက်တာဝန်ခံနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ရှင်းလင်းပြသမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါ State Tretyakov Gallery သည် ရုရှားနိုင်ငံ၏ အရေးအပါဆုံး ယဉ်ကျေးမှုအနုလက်ရာများရှိရာ ကမ္ဘာကျော်ပြခန်းကြီးတစ်ခုဖြစ်ကြောင်း၊ ရုရှားလူမျိုးတို့၏ အနုပညာနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်မှုတို့ကို လေ့လာနိုင်သဖြင့် ရုရှားလူမျိုးတို့၏ ဓလေ့စရိုက်များ၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများနှင့် စိတ်နေသဘောထားများ၊ သမိုင်းကြောင်းအစဉ်အလာများ၊ အနုသုခုမပညာရပ်တို့တွင် အဆင့်အတန်းမြင့်မားမှုများကို ပြတိုက်အတွင်းပြသထားသည့် အနုပညာပြကွက်များမှတစ်ဆင့် တွေ့မြင်ရနိုင်ကြောင်း၊ ပြခန်းကြီးတွင် ပြသထားသည့် အနုပညာကို လာရောက်ခံစားကြသူများအနေဖြင့် လူကြီးများသာမက လူငယ်များ၊ ကလေးငယ်များကိုပါ ရုရှားလူမျိုးတို့၏ အနုပညာ၏ တန်ဖိုးနှင့် အဆင့်အတန်းမြင့်မားမှုတို့ကို သိရှိသွားအောင် လုပ်ပေးလျက်ရှိသည့် ပြတိုက်ကြီးတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်မှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ ပါဝင်တက်ရောက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဗလာဒီမာပူတင်မှ တည်ခင်းဧည့်ခံသည့်ညစာစားပွဲသို့ အခြားနိုင်ငံ့အကြီးအကဲများနှင့်အတူ ပါဝင်တက်ရောက်

**နေပြည်တော် မေ ၈**

ရုရှားဖက်ဒရေးရှင်း နိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန်အတွက် မော်စကိုမြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ဒေသ စံတော်ချိန် ညပိုင်းတွင် ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေး ရှင်းနိုင်ငံသမ္မတ မစ္စတာဗလာ ဒီမာပူတင်မှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ အခြားနိုင်ငံ့အကြီး အကဲများနှင့်အတူ ပါဝင်တက် ရောက်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲ နှစ်(၈၀) ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက် ရောက်ရန် ရောက်ရှိနေသည့် အခြားနိုင်ငံ့အကြီးအကဲများအား ကရင်မလင်နန်းတော်၌ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ သမ္မတမစ္စတာ ဗလာဒီမာပူတင် က ကြိုဆို နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံ တော်ဝန်ကြီးချုပ်နှင့် အခြားနိုင်ငံ့ အကြီးအကဲများသည် ရုရှား ဖက်ဒရေးရှင်းနိုင်ငံ သမ္မတနှင့် အတူ Andereevsky ခန်းမ၌ ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲ ကြီး အောင်ပွဲ နှစ်(၈၀) ပြည့် အထိမ်းအမှတ် ဂုဏ်ပြုကပွဲကို အတူတကွ ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံ တော်ဝန်ကြီးချုပ်နှင့် အခြားနိုင်ငံ့ အကြီးအကဲများသည် ရုရှား ဖက်ဒရေးရှင်းနိုင်ငံ သမ္မတနှင့် အတူ Aldxandrovsky ခန်းမ၌ ညစာအတူတကွ သုံးဆောင်ကြ သည်။

ညစာသုံးဆောင် အပြီးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင် သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်နှင့် ညစာစားပွဲသို့ တက် ရောက်လာကြသည့် နိုင်ငံ့အကြီး အကဲများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ မော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓဝိဟာရ စင်တာနှင့် ကာလုဂါပြည်နယ် Etnomir ယဉ်ကျေးမှုနယ်မြေသို့ သွားရောက်လေ့လာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလုဂါပြည်နယ် Etnomir ယဉ်ကျေးမှုနယ်မြေသို့ သွားရောက် လေ့လာကြည့်ရှုစဉ်။

**နေပြည်တော် မေ ၈**

ရုရှားဖက်ဒရေးရှင်း နိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေ သည့် နိုင်ငံတော်စီမံအုပ်ချုပ် ရေး ကောင်စီအဖွဲ့ဝင်များသည် မြန်မာထေရဝါဒ ဗုဒ္ဓဝိဟာရ စင်တာနှင့် ကာလုဂါပြည်နယ် Etnomir ယဉ်ကျေးမှုနယ်မြေသို့ ယနေ့တွင် သွားရောက်ခဲ့ကြ သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ် ရေး ကောင်စီအဖွဲ့ဝင်များသည် ဒေသစံတော်ချိန် နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ မြန်မာထေရဝါဒ ဗုဒ္ဓဝိဟာရစင်တာသို့ ထွက်ခွာ ကြသည်။

မြန်မာထေရဝါဒဗုဒ္ဓဝိဟာရ စင်တာ၌ နိုင်ငံတော်စီမံအုပ်ချုပ် ရေး ကောင်စီအဖွဲ့ဝင်များသည် သံဃာတော် အရှင်သူမြတ်များ အား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် သံဃာတော်အရှင် သူမြတ်များ ဟောကြားသည့် အနုမောဒနာတရားကို နာယူခဲ့ကြ ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်သည်။

ယင်းနောက် ရုရှားဖက်ဒရေး ရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ သည် ကာလုဂါပြည်နယ် Etn-omir ယဉ်ကျေးမှုနယ်မြေသို့ သွား ရောက် လေ့လာကြည့်ရှုခဲ့ ကြသည်။

ကာလုဂါပြည်နယ် Etnomir ယဉ်ကျေးမှုနယ်မြေသို့ ရောက်ရှိ ချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ အဖွဲ့ဝင်များသည် Etnomir ယဉ်ကျေးမှုနယ်မြေ အတွင်း တည်ထားသည့် ရွှေစည်းခုံ ပုံတူစေတီတော်အား ဖူးမြော် ကြည်ညိုပြီး ယဉ်ကျေးမှုနယ်မြေ အတွင်းသို့ လှည့်လည်လေ့လာ ကြည့်ရှုခဲ့ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း စစ်ကိုင်းမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စခန်းသွင်းလေ့ကျင့်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စခန်းသွင်းလေ့ကျင့် ဆောင်ရွက်နေမှု၊ လျှင်လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုများအား ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**တွေ့ဆုံအမှာစကားပြောကြား**

ဦးစွာ ဒုတိယဝန်ကြီးချုပ်သည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ တာဝန်ရှိသူများနှင့်အတူ စစ်ကိုင်းပညာရေးတက္ကသိုလ်သို့ ရောက်ရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနိုင်ရန် ဘာသာရပ်များ သင်ကြားပို့ချပေးနေသည့် တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခ၊ ဆရာဆရာမများနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်က စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေး၊ စားသောက်နေထိုင်ရေးအတွက် နိုင်ငံတော်မှ ထောက်ပံ့ငွေ ကျပ်သိန်း ၁၀၀၀၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေကျပ် ၄၇ သိန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကို ထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူသည်။

ယင်းနောက် တက္ကသိုလ်အစည်းအဝေးခန်းမ၌ စခန်းဝင်လေ့ကျင့်သင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာ သင်ကြားလေ့ကျင့်နိုင်ရန်အတွက် အုပ်ချုပ်မှုနှင့် ထောက်ပံ့မှုဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ခေတ္တပါမောက္ခချုပ်တို့က ကျောင်းသား ကျောင်းသူများအား စခန်းသွင်းသင်ကြားပို့ချပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား ကျောင်းသူများ စခန်းဝင်သင်ကြားပေးနေမှု အခြေအနေများနှင့် ချက်ပြုတ်ကျွေးမွေးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို အစားအစာ ချက်ပြုတ်ရာတွင် သန့်ရှင်းလတ်ဆတ်မှုရှိရေး၊ ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေးကို အထူးအလေးထား ဆောင်ရွက်ပေးကြရန် မှာကြားသည်။

**ထောက်ပံ့ငွေများ ပေးအပ်**

ထို့နောက် စစ်ကိုင်းတောင်ရှိ ဆွမ်းဦးပုညရှင်စေတီသို့ သွားရောက်၍ ထိခိုက်ပျက်စီးခဲ့မှုနှင့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လုပ်အားပေးဆောင်ရွက်နေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များကို ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် သီတဂူဗုဒ္ဓတက္ကသိုလ်သို့ သွားရောက်၍ သီတဂူဆရာတော် ဘဒ္ဒန္တဉာဏိဿရအား သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုငွေ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာသူများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်၍ ဒုတိယဝန်ကြီးချုပ်က အားပေးစကားပြောကြားပြီး ယာယီနေရပ်စွန့်ခွာနေသူများအတွက် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၃၈၄၇ သန်းကို ပေးအပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူပြီး ဒုတိယဝန်ကြီးချုပ်က ယာယီနေရပ် စွန့်ခွာနေသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရောဝတီမြစ်ကမ်းနားလမ်းရှိ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ စီစဉ်ဆောင်ရွက်ထားသော မြစ်ရေတင်စက်မှ သောက်သုံးရေအဖြစ် သန့်စင်၍ လိုအပ်သည့်ပြည်သူများသို့ အခမဲ့ဖြန့်ဖြူးပေးနေသည့် နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

**ပြိုကျပျက်စီးခဲ့မှုများ ကြည့်ရှု**

ထို့နောက် စစ်ကိုင်းတံတားသို့သွားရောက်၍ ပြိုကျပျက်စီးခဲ့မှုများအား မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့် တပ်မတော်(ရေ)မှ ဖယ်ရှားရှင်းလင်းရေး ပူးပေါင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးချုပ်က အဓိကရေလမ်းကြောင်းများ မိုးမကျမီဖွင့်လှစ်နိုင်ရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ရေလယ်တိုင်များ ရေအောက်ပိုင်း ကြံ့ခိုင်မှုစစ်ဆေးခြင်းတို့ကို အလေးထား ဆောင်ရွက်ကြရန် မှာကြားပြီး ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ကချင်ပြည်နယ် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေး



**နေပြည်တော် မေ ၈**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကချင်ပြည်နယ်ပညာရေးမှူးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးစကားပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(ယာပုံ)**

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားတက္ကသိုလ်သို့ သွားရောက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများကို တက္ကသိုလ်ဝင်စာမေးပွဲကျင်းပနိုင်ရေးနှင့် တက္ကသိုလ်အတွက် တာဝန်ယူဖြည့်ဆည်းဆောင်ရွက်ပေးရမည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် မြစ်ကြီးနားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကားပြောကြားရာတွင် စာမေးပွဲပြန်လည်ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ တစ်ဦးတစ်ယောက်ချင်း၏ အရည်အချင်းကို ခွဲခြားသတ်မှတ်ရန်အတွက် တရားမျှတစွာစစ်ဆေးခြင်းဖြစ်ကြောင်း၊ သင်ခန်းစာများကို ပြန်လည်လေ့ကျင့်ပေးသည့်အနေဖြင့် တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများပူးပေါင်း၍ သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ နောက်တစ်ကြိမ် တက္ကသိုလ်ဝင် စာမေးပွဲ ပြန်လည်ဖြေဆိုရာတွင် ယခင်မျှော်မှန်းချက်ထက် ပိုမိုမြင့်မားသည့်မျှော်မှန်းချက်များဖြင့် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းဥပမိကောင်းမွန်ရေး၊ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် ကျောင်းအဆောက်အအုံ၊ စာသင်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားပညာရေးဒီဂရီကောလိပ်သို့ သွားရောက်၍ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာသင်တန်း (Dip.EP) တက်ရောက်သင်ကြား၊ သင်ယူနေကြသည့် ဆရာ ဆရာမများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားသည်။

**လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်**

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းရှိ အေးမြသီတာခန်းမ၌ တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကချင်ပြည်နယ်ပညာရေးမှူး၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ မြစ်ကြီးနားမြို့ပေါ်ရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ အထက်တန်းပြ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ တာဝန်ရှိသူများ၏ တင်ပြချက်အပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့သည် ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်၊ စာရေးကိရိယာ၊ သင်ထောက်ကူပစ္စည်းများကိုပေးအပ်ရာ ကျောင်းသား ကျောင်းသူ ကိုယ်စားလှယ်နှစ်ဦးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် မန္တလေးတိုင်းဒေသကြီးရှိ ကျောင်းများတွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေး



**နေပြည်တော် မေ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ စာပန်းအိမ် ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၊ မွန်းလွဲပိုင်းတွင် မဟာအောင်မြေခရိုင် ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၇) အခြေခံပညာ အလယ်တန်းကျောင်းနှင့် အောင်မြေသာဇံမြို့နယ် အမှတ် (၂၁) အခြေခံပညာ အထက်တန်းကျောင်း တို့တွင် စခန်းသွင်းသင်ကြားလေ့ကျင့်နေသည့် တက္ကသိုလ် ပါမောက္ခ၊ ဆရာ ဆရာမများ၊ အခြေခံပညာ ဆရာ ဆရာမများနှင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသားကျောင်းသူများအားတွေ့ဆုံအားပေး စကား ပြောကြားသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ဝင်တန်းအဆင့်သည် အခြေခံပညာအဆင့်တွင် အဆင့်အမြင့်ဆုံးဖြစ်ပြီး နိုင်ငံတကာ "စံ" အရ တက္ကသိုလ်ဝင်ခွင့် အသိအမှတ်ပြုစာမေးပွဲဖြစ်သည့်အတွက် အလွန်အရေးကြီးပါကြောင်း၊ ငလျင်ဒဏ်မှ ရုန်းထွက်၍ မိမိရည်မှန်းချက်အတိုင်း ယခုကဲ့သို့ မလျှော့သော ဇွဲလုံ့လဖြင့် တစိုက်မတ်မတ် ကြိုးစားဆောင်ရွက်မှုများသည် ဘဝတစ်လျှောက် ကြုံတွေ့နိုင်မည့် အခက်အခဲများကိုအောင်မြင်စွာကျော်လွှားနိုင်ရန် အဓိကကျသည့် စိတ်ခွန်အားတစ်ခုပင်ဖြစ်ပါကြောင်း၊ ယခု Grade–12 စာမေးပွဲအား အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရန် ကျောင်းသား၊ ဆရာ၊ မိဘများ တက်ညီလက်ညီ ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ အစိုးရအဖွဲ့အစည်း အသီးသီးမှလည်း အထူးအလေးထား ကြပ်မတ် ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြင်ဦးလွင်ခရိုင်တွင် စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူ အင်အား၏ ၉၉ ရာခိုင်နှုန်း တက်ရောက်ပညာသင်ကြားလျက်ရှိသည်ကို တွေ့ရှိသဖြင့် အလွန်အားရကျေနပ်မိပါကြောင်း၊ ကျန်ရှိနေသော အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူများကိုလည်း အမြန်ဆုံး ရောက်ရှိပညာသင်ကြားနိုင်ရေး ကူညီဆောင်ရွက်ပေးသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ယခုလို အားသွန်ခွန်စိုက် လာရောက်သင်ကြားပို့ချပေးသည့် ဆရာ ဆရာမများကိုလည်း ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ နေထိုင်သင်ကြားလေ့ကျင့်နိုင်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေးကို ဂရုပြုဆောင်ရွက်ရေး၊ ကျောင်းသား ကျောင်းသူများ ရာနှုန်းပြည့် စခန်းသွင်းဝင်ရောက်ရေး၊ ဆရာ ဆရာမများ၏ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အဆင်ပြေချောမွေ့စေရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးမဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်အခြေအနေများအား သွားရောက်ကြည့်ရှု၍ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ (၁၂)ကြိမ်မြောက်လှူဒါန်းသည့် အောက်တိန်း (92) တန် ၁၇၀၀၀ အား လွှဲပြောင်းလက်ခံ

**ရန်ကုန် မေ ၈**

မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် မန္တလေးမြေလျင်ကြီးကြောင့် ပြန်လည်ထူထောင်ရေးကိစ္စများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ (၁၂) ကြိမ်မြောက်လှူဒါန်းသည့် အောက်တိန်း (92) တန် ၁၇၀၀၀ တင်ဆောင်လာသော သင်္ဘော T YU DONG သည် ယမန်နေ့ နံနက် ၂ နာရီ ၄၅ မိနစ်တွင် သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် Max Energy Terminal သို့ ရောက်ရှိခဲ့သည်။

ထိုသို့ ရောက်ရှိလာသည့် အောက်တိန်း(92) တန် ၁၇၀၀၀ ကို ယနေ့နံနက်ပိုင်းက လွှဲပြောင်းလက်ခံရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ တာဝန်ရှိသူများ၊ သန်လျင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျောက်တန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက တရုတ်သံရုံးမှ စီးပွားရေးသံမှူး Mr. Ouyang Daobing ထံမှ သီလဝါဆိပ်ကမ်း၌ လွှဲပြောင်းလက်ခံခဲ့သည်။

အဆိုပါ ရောက်ရှိလာသည့် အောက်တိန်းများကို ငလျင်ဘေးသင့်ဒေသများသို့ ပြန်လည်ထူထောင်ရေးကိစ္စများတွင် အသုံးပြုရန်အတွက် စွမ်းအင်ဝန်ကြီးဌာနက ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**




# ကော့မှူးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ကွင်းဆင်းဆောင်ရွက်ပေး



**ကော့မှူး မေ ၈**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ ပန်းခင်းစီမံချက်–၃ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေ စာရင်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ဘုရားလမ်းရပ်ကွက် မူလွန် (ပတုပ်) ကျောင်း၌ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာသို့ ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်က နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများဆောင်ရွက်ပေးနေမှုတို့ကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် မေ ၈**

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ဘရူနိုင်းဘုရင်နှင့် တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပါဝင်တက်ရောက်

## အာဆီယံနှင့်ဒေသတွင်း သတင်းပြန်ကြားရေးဆိုင်ရာလုပ်ငန်းများမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတိုးပွားခိုင်မာလာစေရေး လုပ်ငန်းစီမံကိန်းများအပေါ်တွင် လိုအပ်သည့် လမ်းညွှန်ချက်များ ချမှတ်ပေးနိုင်ရန် ရည်ရွယ်ကျင်းပ



ဘရူနိုင်းဘုရင် စူလတန်ဟာဂျီဟာစင်နယ်ဘိုခီးယားနှင့်အတူ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ပြန်ကြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**ဘန်ဒါဆရီဘီဂါဝမ် မေ ၈**

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့ The Empire Brunei ဟိုတယ်၌ မေ ၇ ရက်တွင် ကျင်းပသည့် (၁၇)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (17th ASEAN Ministers' Responsible for Information and its related Meetings–17th AMRI)သို့ တက်ရောက်ခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် အစည်းအဝေး တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ပြန်ကြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အာဆီယံ လူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ် ဦးစန်းလွင်နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့ Istana Nurul Iman နန်းတော်တွင် ဘရူနိုင်းဘုရင် စူလတန်ဟာဂျီဟာစင်နယ်ဘိုခီးယား (Sultan Haji Hassanal Bolkiah Mu'izzaddin Waddaulah) နှင့် သီးသန့်တွေ့ဆုံပွဲသို့ တက်ရောက်သည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် သီးသန့်တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် AMRI ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များသည် ဘရူနိုင်းဘုရင်နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဘရူနိုင်း ဘုရင့်နန်းတော်သည် ယုံကြည်ခြင်းအလင်းနန်းတော် (The Light of Faith) ဟု အဓိပ္ပာယ်ရပြီး Bandar Seri Begawan ၏ အနောက်တောင်ဘက် တောင်ကုန်းများပေါ်ရှိ မြစ်ကမ်းစပ် ဘရူနိုင်းအစိုးရ၏ ရုံးစိုက်ရာနေရာတွင် တည်ရှိသည်။ ဘရူနိုင်းဘုရင် Sultan Haji Hassanal Bolkiah Mu'izzaddin Waddaulah သည် ၁၄ ရာစုမှ စတင်ခဲ့သည့် ဘရူနိုင်းဘုရင်မင်းဆက်၏ ၂၉ ဆက်မြောက် ဘုရင်အဖြစ် ၁၉၆၇ ခုနှစ်တွင် နန်းတက်ခဲ့ပြီး ၁၉၈၄ ခုနှစ်တွင် ဗြိတိသျှလက်အောက်မှ ဘရူနိုင်းနိုင်ငံ လွတ်လပ်ရေးရခဲ့ချိန်မှစ၍ ဘရူနိုင်းနိုင်ငံ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်သည်။

**ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် (၁၇) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး (17th AMRI) သို့ တက်ရောက်ရန် ရောက်ရှိနေသည့် ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီး Mr. Neth Pheaktra ဦးဆောင်သည့် ကမ္ဘောဒီးယား ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြား သတင်းအချက်အလက်နှင့် မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့တွင် ၂၀၂၅ ခုနှစ်အတွင်း ကျင်းပပြုလုပ်မည့် အာရှမီဒီယာ ထိပ်သီးဆွေးနွေးပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ရေးဆိုင်ရာများကို ချစ်ကြည်ရင်းနှီးစွာဖြင့် အမြင်ချင်း ဆွေးနွေးဖလှယ်ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဘရူနိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး အသစ်တည်ဆောက်သည့်နေရာသို့ ရောက်ရှိရာ သံရုံးယာယီတာဝန်ခံ ဒေါ်ခင်စန္ဒာနှင့် တာဝန်ရှိသူများက သံရုံးအသစ် တည်ဆောက်ခြင်းဆိုင်ရာ အချက်အလက်များကို လိုက်လံ ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ်နှင့်အတူ ဘန်ဒါဆရီဘီဂါဝမ်မြို့ရှိ ဘရူနိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ သွားရောက်၍ သံရုံးတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး သံရုံးမိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့် အမှတ်တရလက်ဆောင်များကို ပေးအပ်ခဲ့သည်။

**ကြည့်ရှုလေ့လာ**

ယနေ့နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးသည် (၁၇)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး (17th AMRI)သို့ တက်ရောက်လာကြသည့် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များနှင့်အတူ အိမ်ရှင်ဘရူနိုင်းနိုင်ငံမှ စီစဉ်ပေးသည့် လေ့လာရေး ခရီးစဉ်အဖြစ် ဘရူနိုင်းမြစ်အတွင်း သင်္ဘောဖြင့် လေ့လာသည့် အစီအစဉ်တွင် ပါဝင်လေ့လာခဲ့သည်။ ဘရူနိုင်းမြစ်အတွင်း သင်္ဘောဖြင့် လေ့လာသည့် ခရီးစဉ်အတွင်း ဘရူနိုင်းနိုင်ငံ၏ အထင်ကရ လေ့လာရန်နေရာများဖြစ်သည့် ဆူလတန်အိုမာအလီဆေဖူဒင် တံတားကြီး (Sultan Omar Ali Saifuddien Bridge) ၊ ကမ်ပေါင်ရေ ရေပေါ်ရွာ (Kampong Ayer)၊ အိုမာအလီဆေဖူဒင်ဗလီ (Sultan Omar Ali Saifuddien Mosque)၊ Jong Batu ကျောက်ဆောင်ကျွန်း၊ လမုတော ဥယျာဉ်၊ ဘရူနိုင်းရေပန်းဥယျာဉ်၊ ယဉ်ကျေးမှုနှင့် လက်မှုပစ္စည်းဆိုင်ရာ သင်တန်းကျောင်းနှင့် ဘရူနိုင်းနည်းပညာပြတိုက်တို့အား မြစ်တွင်းမှ ကြည့်ရှုလေ့လာခဲ့သည်။

အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး (AMRI) ကို အာဆီယံ ဆွေးနွေးဖက်သုံးနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး(AMRI+3) နှင့်အတူ နှစ်နှစ် တစ်ကြိမ် ကျင်းပလေ့ရှိပြီး အာဆီယံနှင့် ဒေသတွင်း သတင်းပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတိုးပွားခိုင်မာလာစေရေး လုပ်ငန်းစီမံကိန်းများအပေါ်တွင် လိုအပ်သည့် လမ်းညွှန်ချက်များ ချမှတ်ပေးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် (၁၂) ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး (12th AMRI) ကို ၂၀၁၄ ခုနှစ်တွင် နေပြည်တော်၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဘရူနိုင်းဘုရင် စူလတန်ဟာဂျီဟာစင်နယ်ဘိုခီးယားနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

---

## လျှောင်ဘေးသင့်ခဲ့သည့် သမဝါယမအသင်းသားများသို့ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်

**တောင်ကြီး မေ ၈**

ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) သမဝါယမအသင်းစုချုပ်မှ ညောင်ရွှေမြို့နယ် မြောင်းဝကြီးကျေးရွာအုပ်စုရှိ ဗေဒါသဘာဝမြေသြဇာလုပ်ငန်း ဆောင်ရွက်ရာတွင် ကုန်ကြမ်းများ ရယူနေသည့် နေရောင်ခြည် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ လျှောင်ဘေးသင့်ခဲ့သည့် အသင်းသားများအား ထောက်ပံ့လှူဒါန်းခြင်းအခမ်းအနားကို မြောင်းဝကြီးကျေးရွာ၌ ပြုလုပ်သည်။

အခမ်းအနားတွင် နေရောင်ခြည် စိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသား ၅၀ အား မိုးကာအချပ်ကြီး ၅၀ နှင့် အသင်းသားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ပစ္စည်းနှင့် ငွေသား စုစုပေါင်း တန်ဖိုးငွေကျပ် ၅၀ ဒသမ ၅ သိန်း ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# လူ့စွမ်းအားရင်းမြစ်အညွန့်အဖူးများ လန်းဆန်းရှင်သန်ကြပါစေ

ဦးကျော်ညွန့် (ရေနံချောင်း)

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်က မန္တလေးငလျင်ကြီးလှုပ်ခတ်သည့် အချိန်တိုတစ်ခဏအတွင်းမှာပင် ငလျင်ဘေးဒဏ်သင့်နေရာအသီးသီး၌ လမ်းများ၊ တံတားများ၊ လူနေအဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများ၊ ရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ်များ၊ ဆေးရုံဆေးခန်းများ၊ စာသင်ကျောင်းများ၊ စက်ရုံ အလုပ်ရုံများ စသည့်၊ စသည့် အဆောက်အအုံများ ထိခိုက်ပျက်စီးခြင်းနှင့်အတူ ဆက်သွယ်ရေးလမ်းကြောင်းများ၊ လျှပ်စစ်မီးများပါ ထိခိုက်ပျက်စီးခဲ့ရသည်။ အဆောက်အအုံများ ပြိုလဲပျက်စီးမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။ အချို့ သေဆုံးခဲ့ကြရသည်။ စိတ်မသက်သာစရာ အနိဋ္ဌာရုံများက တစ်မုဟုတ်ချင်း ဖြစ်ပေါ်လာသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးတို့သည် အင်အားပြင်းထန်သော ငလျင်ဒဏ်ကို ပြင်းပြင်းထန်ထန်၊ ဆိုးဆိုးရွားရွား ခံစားကြရသည်။ ငလျင်ဘေးဒဏ်သင့်ဒေသများ၏ သတင်းအမျိုးမျိုးကို နိုင်ငံပိုင်သတင်းစာများ၊ ရုပ်သံလွှင့်ဌာနများ၊ FM များ စသည့်လူမှုဆက်သွယ်ရေးကွန်ရက်များမှတစ်ဆင့် ကြားသိနေကြရသည်။

## အဖြေလွှာများ ငလျင်လှုပ်ခတ်မှုကြောင့် မီးလောင်ပျက်စီး

ကြားသိနေရသည်နှင့်အမျှ ကြေကွဲဝမ်းနည်းကြရသည်။ ယူကျုံးမရဖြစ်ကြရသည်။ ငလျင်ဘေးဒဏ်သင့် သတင်းဆိုးအမျိုးမျိုးထဲတွင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် စစ်ဆေးခဲ့သည့် ၂၀၂၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာများသည် မန္တလေးတက္ကသိုလ်၌ စာစစ်လုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း အင်အားအလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်မှုကြောင့် မီးလောင်ပျက်စီးသွားသည် ဆိုသည့်သတင်းလည်း ပါလာသည်။

မန္တလေးတက္ကသိုလ် ပင်မဆောင်သည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်အပြင် မီးလောင်မှုပါဖြစ်ပေါ်ခဲ့ရသည်။ ထိုမီးလောင်မှုကြောင့် မန္တလေးတက္ကသိုလ် ပင်မဆောင်သို့ ရောက်ရှိလျက်ရှိသည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအဖြေလွှာ စာအုပ်ပေါင်း ၅၂၁၈၉ အုပ်သည် မီးလောင်ပျက်စီး ဆုံးရှုံးခဲ့ရပါသည်။ ထိုအဖြေလွှာစာအုပ်များမှာ မန္တလေးတိုင်းဒေသကြီးမှ ဖြေဆိုသူဦးရေ ၄၆၉၄၄ ဦး၏ အဖြေလွှာအုပ်ရေ ၂၈၀၉၄၀၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဖြေဆိုသူဦးရေ ၇၃၁၁ ဦး၏ အဖြေလွှာအုပ်ရေ ၄၃၈၂၇ အုပ်၊ ကချင်ပြည်နယ်မှဖြေဆိုသူဦးရေ ၈၆၉၉ ဦး၏ အဖြေလွှာအုပ်ရေ ၅၂၁၈၉ အုပ်တို့ဖြစ်ကြောင်း ကြားသိရပါသည်။ ထိုဒေသများရှိ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုထားကြသော ကျောင်းသား ကျောင်းသူကလေးများအရေးစိတ်မအေး ဖြစ်ရသည်။ စိတ်ပူမိသည်။ သားသမီးချင်း ကိုယ်ချင်းစာပြီး မိဘချင်း ကိုယ်ချင်းစာမိသောကြောင့် ဖြစ်ပါသည်။

## တက္ကသိုလ်ဝင်စာမေးပွဲကိုအောင်မြင်လိုကြသူများ ချည်းသာဖြစ်

တက္ကသိုလ်ဝင် စာမေးပွဲသည် နိုင်ငံတော်က ကြီးမှူးကျင်းပစစ်ဆေးပေးသည့် နိုင်ငံတော်အဆင့် စာမေးပွဲဖြစ်ပါသည်။ ထိုစာမေးပွဲ အောင်မြင်သည့် ရမှတ်အပေါ်မူတည်ပြီး အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များနှင့် အခြားသော တက္ကသိုလ်များသို့ ဆက်လက်သင်ယူကြရသည်။ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုကြသူများသည် ရည်မှန်းချက် အမျိုးမျိုးရှိသည်။ ရည်မှန်းချက်မြောက်အောင် သင်ယူလေ့လာ ဆည်းပူးကြသည်။ ကြိုးစားပမ်းစား အားထုတ်ကြသည်။ ဖြေဆိုမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ကြိုတင်လေ့ကျင့်ပြင်ဆင်ထားကြသည်။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့်သူများ အားလုံးသည် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်လိုကြသူများချည်းသာ ဖြစ်ပါသည်။

> ❑ နိုင်ငံတော်အစိုးရနှင့် ပညာရေးဝန်ကြီးဌာနတို့သည် ရှုထောင့်ပေါင်းစုံက ကြည့်ပြီး အစစအရာရာ ဆင်ခြင်သုံးသပ်ချင့်ချိန်ကာ အင်အားပြင်းထန်ငလျင်ဘေးဒဏ်ကြောင့် ၂၀၂၅ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာအုပ်များ ပျက်စီးခဲ့ရသည့် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ၂၀၂၅ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်သူများကို ပြန်လည်ဖြေဆိုနိုင်ရန်အတွက် အမြော်အမြင်ကြီးကြီးဖြင့် စီစဉ်ဆောင်ရွက်ပေးနေပြီဖြစ်
>
> ❑ သတ်မှတ်ဒေသအသီးသီးရှိ စာဖြေဌာနအသီးသီးသို့ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများကို စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ တက္ကသိုလ်အသီးသီးမှ ဘာသာရပ်အလိုက် ဆရာ ဆရာမများက စခန်းသွင်းသင်ကြား လေ့ကျင့်ပေးခြင်း၊ လိုအပ်သည့်လိုအပ်ချက်များကို ကူညီဖြည့်ဆည်းထောက်ပံ့ပေးခြင်း စသည်ဖြင့် ဘက်ပေါင်းစုံအောင် အားပေးလျက်ရှိ

စာမေးပွဲစစ်ဆေးခြင်းသည် တတ်မြောက်ကျွမ်းကျင်မှု အရည်အချင်းကို စစ်ဆေးခြင်း ဖြစ်ပါသည်။ စာမေးပွဲဖြေဆိုကြမည့်သူတိုင်း အောင်လိုစိတ်ချင်း တူညီကြသည်။ အောင်လိုစိတ်ချင်းတူညီနေလင့်ကစား တစ်ဦးနှင့်တစ်ဦး၏ ရည်မှန်းချက်ချင်းတူသည်လည်းရှိမည်၊ မတူသည်လည်းရှိသည်။ ကြိုးစားအား ထုတ်ဝါယမစိုက်ထုတ်ပုံချင်းတူသည်လည်း ရှိမည်၊ မတူသည်လည်းရှိသည်။ ဉာဏ်ရည်ဉာဏ်သွေး၊ ကိုယ်ရည်ကိုယ်သွေးထက်မြက်ပုံချင်း တူသည်လည်းရှိမည်၊ မတူသည်လည်း ရှိသည်။ တစ်ဦးနှင့် တစ်ဦးကား အလုံးစုံမတူ ညီနိုင်ပေ။ ထိုမတူညီသော အခြေအနေအရပ်ရပ်အပေါ် တည်မှီပြီး အချို့စာမေးပွဲအောင်ကြသည်၊ အချို့ စာမေးပွဲကျရှုံးကြသည်။ ရိုးရိုးသာမန် အောင်ကြသူများလည်းရှိသည်၊ ထူးချွန်စွာအောင်ကြသူများလည်းရှိ သည်။ ကြိုးစားအားထုတ် ဝါယမစိုက်မှုအပေါ် မူတည်ပြီးအောင်မြင်မှု အဆင့်ချင်း ကွဲပြားခြားနားရခြင်း ဖြစ်ပါသည်။

## ပြန်လည်စစ်ဆေးဖြေဆိုစေချင်ကြ

အင်အားပြင်းထန်ငလျင်လှုပ်ခတ်မှုကြောင့် မန္တလေးတက္ကသိုလ်ပင်မဆောင် မီးလောင်မှုဖြစ်ပွားရာ၌ လောင်ကျွမ်းပျက်စီးသွားသော အဖြေလွှာအုပ်များထဲတွင် ကျရှုံးမည့်အဖြေလွှာများ၊ အမှတ်အနည်းအများအလိုက် အောင်မြင်မည့် အဖြေလွှာများ၊ ထူးချွန်စွာအောင်မြင်မည့်အဖြေလွှာများ ပါဝင်နေမည်မှာ သေချာသည်။ လက်လွတ်စပယ် မစဉ်းစားမချင့်ချိန်ဘဲ လျစ်လျူရှုမထားသင့်သော ကိစ္စဖြစ်ပါသည်။ အချို့က လတ်တလောဖြစ်ပေါ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် မီးလောင်ပျက်စီးသွားသည့် အဖြေလွှာ စာအုပ်များကိစ္စအတွက် ရေရှည်မစဉ်းစားဘဲ လတ်တလော စိတ်ခံစားမှုကို ရှေ့တန်းတင်လာကြသည်။ အများစုကဖြေဆိုခဲ့သည့် ကျောင်းသားကျောင်းသူတို့၏ ရေရှည်အကျိုးကို မျှော်မှန်းပြီး ပြန်လည်စစ်ဆေးဖြေဆိုစေချင်ကြသည်။ အချို့သော အနည်းစုက ပြန်လည်စစ်ဆေးဖြေဆိုခြင်း မပြုဘဲ ဖြစ်စဉ်ပါ ဖြေဆိုသူအားလုံးကို သနားကရုဏာသက်ကာ အအောင်ပေးစေချင်ကြသည်။ သနားကရုဏာ သက်ကာ အအောင်ပေးချင်သူများ အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲဟူသည် အခြေခံပညာမှ အဆင့်မြင့်ပညာသို့ကူးပြောင်းရာ လမ်းခွဲလမ်းဆုံဖြစ်သည်ကို သတိမူကြရမည်ဖြစ်ပါသည်။

သတိမူမိရာမှ သတိရလာပြန်သည်။ ဖ.ဆ.ပ.လ အစိုးရလက်ထက်တွင် အလယ်တန်းအဆင့် ခုနစ်တန်းကို နိုင်ငံတော်အဆင့်စာမေးပွဲဖြင့် စစ်ဆေးသည်။ အများစုက ထိုသို့ စစ်ဆေးသော စာမေးပွဲကို အစိုးရစစ်စာမေးပွဲဟုခေါ်ဆိုကြသည်။ ဖ.ဆ.ပ.လ အစိုးရ လက်ထက် အာဏာရအစိုးရသည် ၁၉၅၆ ခုနှစ်၊ ခုနစ်တန်းအစိုးရစစ် စာမေးပွဲဖြေဆိုဆဲကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် ဖြေဆိုမှုကို ရပ်ဆိုင်းပစ်လိုက်သည်။ ထို့ပြင် ဖြေဆိုသူအားလုံးကို အအောင်ပေးပစ်လိုက်သည်။ ခုနစ်တန်းအစိုးရစစ် စာမေးပွဲ သို့ ဝင်ရောက်ဖြေဆိုသူအားလုံးသည် ခုနစ်တန်းအစိုးရစစ် စာမေးပွဲအောင်လက်မှတ်ရရှိကြသည်။

## အစိုးရစစ်စာမေးပွဲသည် ဘဝအတွက် အရေးကြီး

ထိုစဉ်က အစိုးရစစ်ခုနစ်တန်းစာမေးပွဲကို ဖြေဆိုအောင်မြင်ကြောင်း အောင်လက်မှတ်ရရှိထားကြသူများသည် အသက်မွေးဝမ်းကျောင်း သင်တန်းအချို့သို့ တက်ရောက်ခွင့်ရှိသည်။ သင်တန်းကာလပြီးဆုံးပါက သက်ဆိုင်ရာဌာနများတွင် ဝင်ရောက်အမှုထမ်းခွင့်ရသည်။ အချို့သော ဌာနဆိုင်ရာများတွင် အမှုထမ်းခွင့်ရရှိသည်။ ထိုခေတ်က သတ္တမတန်းအစိုးရစစ်စာမေးပွဲကို အောင်မြင်ကြောင်း ထုတ်ပေးသည့် အောင်လက်မှတ်သည် တန်ဖိုးရှိလှပါသည်။ သတ္တမတန်းအစိုးရစစ်စာမေးပွဲသည် ဘဝအတွက် အရေးကြီးသော စာမေးပွဲဖြစ်သည်။ ထို့ကြောင့် သတ္တမတန်းအစိုးရစစ်စာမေးပွဲကို ဖြေဆိုအောင်မြင်ရန် အသည်းအသန်ကြိုးစားကြရပါသည်။

ဖ.ဆ.ပ.လ အစိုးရလက်ထက်က သတ္တမတန်းအစိုးရစစ် စာမေးပွဲအောင်လက်မှတ်သည် တန်ဖိုးရှိလှ၏။ သို့သော် ဖ.ဆ.ပ.လ အစိုးလက်ထက်မှာပင် ၁၉၅၆ ခုနှစ် သတ္တမတန်း အစိုးရစစ်စာမေးပွဲအောင်လက်မှတ်သည် တန်ဖိုးမရှိဘဲ တန်ဖိုးမဲ့သွားသည်။ အကြောင်းမှာ သတ္တမတန်း အစိုးရစစ်စာမေးပွဲဖြေဆိုရန် စာရင်းသွင်းထားသူအားလုံးကို စာမေးပွဲမစစ်ဆေးဘဲ အအောင်ပေးလိုက်သောကြောင့်ဖြစ်ပါသည်။ ၁၉၅၆ ခုနှစ် သတ္တမတန်း အစိုးရစစ်စာမေးပွဲအောင်လက်မှတ်ကို အရည်အသွေးမပြည့်မီသောအောင်လက်မှတ်များအဖြစ် သတ်မှတ်ကြသည်။ အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်ရန် အခွင့်အလမ်းမရရှိသကဲ့သို့ ဌာနဆိုင်ရာများတွင် ဝန်ထမ်းလုပ်ကိုင်ရန် အခွင့်အလမ်းလည်း မရရှိနိုင်တော့ပေ။ ၁၉၅၆ ခုနှစ် သတ္တမတန်း အစိုးရစစ်စာမေးပွဲအောင်လက်မှတ်ကို ပိုက်ထားကြရသူများခမျာ မျက်နှာငယ်နေကြရရှာပါသည်။

## ကြိုးစားအားထုတ်သူများအတွက် လွန်စွာထိခိုက်နစ်နာ

မျက်နှာငယ်နေကြရသူများထဲတွင် ကြိုးစားအားထုတ်ခြင်း မရှိသူများအဖို့ မထောင်းတာလှပေ။ ပြေပလောက်အောင် ထိခိုက်နစ်နာခြင်းမရှိသောကြောင့် ဖြစ်ပါသည်။ ဖြေဆိုလျှင် အောင်နိုင်ခြေရှိသော၊ ရည်မှန်းချက်ထားပြီး ကြိုးစားပမ်းစား အားထုတ်သော၊ ဉာဏ်ရည်ထူးချွန်ထက်မြက်သောသူများအတွက် လွန်စွာထိခိုက်နစ်နာရသည်။ ထိုသို့ မဖြေဆိုရဘဲ ရရှိလာသောအောင်လက်မှတ်ကြောင့် ရည်မှန်းချက်များ ပျောက်ကွယ်သွားကြရသည်။ ကြိုးစားအားထုတ်ရသည်များက အရာမထင် အလဟဿ ဖြစ်သွားရသည်။ ဉာဏ်ရည်ဉာဏ်သွေး အညွန့်အဖူးများ နွမ်းရိညှိုးခွေသွားသည်။ စာမေးပွဲမဖြေဆိုရဘဲ အောင်ခဲ့ရသောကြောင့် ရရှိခဲ့ရသည့်ဆိုးကျိုးများ ဖြစ်ပါသည်။

ထိုကာလက ခုနစ်တန်း အစိုးရစစ်စာမေးပွဲထက် ယခု တက္ကသိုလ်ဝင်စာမေးပွဲက ပိုပြီးအရေးကြီးလှသည်။ ယခုတက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများသည် ကြိုးစားအားထုတ်ဝါယမစိုက်ခဲ့မှုနှင့်အညီ ရှိခဲ့သောအမှတ်ပေါင်းကို အခြေပြုပြီး အဆင့်မြင့်တက္ကသိုလ်အသီးသီးသို့ တက်ရောက်သင်ယူနိုင်သည့်အခွင့်အလမ်းရှိသည်။ တက္ကသိုလ်ဝင်စာမေးပွဲဟူ၍ ခေါ်ဆိုသည့်အတိုင်း အဆင့်မြင့်တက္ကသိုလ်များသို့ တက်ရောက်သင်ယူနိုင်ရန် အရည်အချင်းပြည့်မီသူများကို ရွေးချယ်ပေးသည့် စာမေးပွဲဖြစ်သည်။

သို့မှလည်း ဖြေဆိုသူတစ်ဦးချင်းစီ၏ အရည်အချင်း အစစ်အမှန်ပေါ်လာမည် ဖြစ်ပါသည်။ အင်အားပြင်းထန် ငလျင်ဘေးဒဏ်သင့်သဖြင့် ပျက်စီးခဲ့ရသော ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့မှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာများ ပိုင်ရှင်ဖြေဆိုသူများအားလုံးကို သက်ညှာကာ အအောင်ပေးလိုက်မည် ဆိုပါက

*စာမျက်နှာ ၁၁ သို့*

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေး





**နေပြည်တော် မေ ၈**

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ဧရာဝတီတိုင်းဒေသကြီး မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အတူ ယနေ့ နံနက်၉ နာရီခွဲတွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေးကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အမှာစကား ပြောကြားရာတွင် လာမည့်ဒီဇင်ဘာလအတွင်း ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းပြုစုရာတွင် အခြေခံရမည့် လူဦးရေစာရင်းပိုမိုပြည့်စုံမှန်ကန်စေရန် ယခင်ပြုစုပြီးဖြစ်သည့် လူဦးရေစာရင်းများ၌ တွေ့ရှိရသည့် လိုအပ်ချက်များကို ဝိုင်းဝန်းပူးပေါင်းညှိနှိုင်းဖြေရှင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

၂၀၂၄ ခုနှစ်လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ရွှေ့ပြောင်းလူဦးရေစာရင်းများကို ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ ပြည့်စုံမှန်ကန်သည့် မဲစာရင်းပြုစုနိုင်ရေးအတွက် ယင်းရွှေ့ပြေး လူဦးရေစာရင်းနှင့် မြေပြင်ကွင်းဆင်း ကောက်ယူခဲ့သည့် လူဦးရေစာရင်း အချက်အလက်များကို နှိုင်းယှဉ်သုံးသပ်ဆောင်ရွက်ကြရန်လည်း လိုအပ်ပါကြောင်း၊ ထို့ပြင် မဲပေးပိုင်ခွင့်ရှိသူနိုင်ငံသားတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက်လည်း မိမိတို့ ဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်များဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ထုတ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး အနေဖြင့် ပန်းခင်းစီမံချက် အားလုံးတွင်လျာထားချက်ရာနှုန်းပြည့် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သော်လည်း ထပ်မံ၍ အသက်(၁၈)နှစ် ပြည့်လာမည့်သူများအတွက် ယခု ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၃၁ ရက်အထိ နိုင်ငံသားစိစစ်ရေးကတ် စုစုပေါင်း ၁၅၀၀၀ ကျော် ထုတ်ပေးရန် လျာထားဆောင်ရွက်လျက် ရှိပါကြောင်း။

ယခုအခါ ဒေသအချို့၌ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များ၊ မကြာမီက ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးအပါအဝင် သဘာဝဘေးအန္တရာယ်များကြောင့် ယာယီနေရပ်စွန့်ခွာ ရွှေ့ပြောင်းသွားလာ နေထိုင်မှုများရှိနေကြပြီး ယင်းတို့၏စာရင်းအချက်အလက်များ တိကျမှန်ကန်စွာရရှိထားရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ရွှေ့ပြောင်းနေထိုင်သူများနှင့် ပတ်သက်၍ဥပဒေနှင့်အညီ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရေး၊ ဥပဒေနှင့်ကိုက်ညီသူများ မဲစာရင်းတွင် ပါဝင်စေရေး၊ မဲစာရင်းတစ်နေရာထက် ပိုမိုပါဝင်မှုမရှိစေရေးတို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အပြန်အလှန်ဆက်စပ် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များ လျာထားချက်အတိုင်း သတ်မှတ်ကာလများအတွင်း ပြီးစီးအောင်မြင်ရေးအတွက် ကြီးကြပ်မှုကော်မတီအဆင့်ဆင့်က တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီးအတွင်း မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရရှိသည့် လူဦးရေအချက်အလက်များ ကွဲလွဲမှုမရှိစေရေးနှင့် ပြည့်စုံမှန်ကန်ရေးတို့အတွက် စိစစ်ပြင်ဆင်ဆောင်ရွက်နေမှု၊ ပန်းခင်းစီမံချက် အဆင့် (၃) လျာထားသတ်မှတ်ချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ယာယီရွှေ့ပြောင်းနေထိုင်မှုများနှင့်ပတ်သက်၍ စာရင်းကောက်ယူပြုစုဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တာဝန်ရှိသူများက လုပ်ငန်းများအောင်မြင်ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်နေမှုအခြေအနေများ၊ မဲစာရင်းမှန်ကန်ရေးနှင့် ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးဆောင်ရွက်နေမှုများနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ



**ရန်ကုန် မေ ၈**

၂၀၂၅ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Wyndham Grand Yangon Hotel၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်နှင့် အလုပ်အမှုဆောင်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် မိတ်ဖက် အမျိုးသားကြက်ခြေနီအသင်းများမှ ကိုယ်စားလှယ်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးငလျင်ကြီးဘေးဒဏ်သင့် ပြည်သူများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ် ငြိမ်သက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်က နှုတ်ခွန်းဆက်စကားပြောကြားကာ ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ပြသသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယင်းနောက် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ ဌာနေကိုယ်စားလှယ် Ms. Nadia Khoury နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ ဌာနေကိုယ်စားလှယ် Mr. Arnaud de BAECQUE တို့က ဂုဏ်ပြုစကားပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အသက်(၆၅) နှစ်ပြည့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ လုပ်သက်(၁၅)နှစ်ပြည့်နှင့် လုပ်သက်(၃၀) ပြည့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ အကြိမ်(၁၀၀)နှင့်အထက် သွေးလှူရှင်များနှင့် လူမှုထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုဆုနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

ကျန်ပြည်တွင်း စာစစ်ဌာနများနှင့် နိုင်ငံခြား စာစစ်ဌာနအသီးသီးတို့တွင် ဖြေဆိုခဲ့ကြသူများထဲမှ ကျရှုံးသူများ၏ မျက်နှာကို မထောက်ထားမငဲ့ညှာရာ ဖြစ်ချေမည်။ ရည်မှန်းချက်ကြီးကြီးနှင့် ကြိုးစားအားထုတ် ဝါယမစိုက်ခဲ့သူများနှင့် ထူးချွန်ထက်မြက်သူများကို လျစ်လျူရှုရာ ဖြစ်ချေမည်။ မိဘတို့၏ ရင်သွေး၊ နိုင်ငံတော်၏ ရင်သွေးဖြစ်သော မျိုးဆက်သစ် လူ့စွမ်းအားရင်းမြစ်အညွန့်အဖူးတို့ကို ချိုးနှိမ်ပစ်ရာဖြစ်ချေမည်။

**ဘက်ပေါင်းစုံအောင်**

**အားပေးလျက်ရှိ**

နိုင်ငံတော်အစိုးရနှင့် ပညာရေးဝန်ကြီးဌာနတို့သည် ရှုထောင့်ပေါင်းစုံက ကြည့်ပြီး အစစအရာရာ ဆင်ခြင်သုံးသပ်ချင့်ချိန်ကာ အင်အားပြင်းထန်ငလျင်ဘေးဒဏ်ကြောင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာအုပ်များ ပျက်စီးခဲ့ရသည့် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့်သူများကို ပြန်လည်ဖြေဆိုနိုင်ရန်အတွက် အမြော်အမြင်ကြီးကြီးဖြင့် စီစဉ်ဆောင်ရွက်ပေးနေပြီ ဖြစ်ပါသည်။ သတ်မှတ်ဒေသအသီးသီးရှိ စာဖြေဌာနအသီးသီးသို့ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများကို စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ တက္ကသိုလ်အသီးသီးမှ ဘာသာရပ်အလိုက် ဆရာဆရာမများက စခန်းသွင်းသင်ကြားလေ့ကျင့်ပေးခြင်း၊ လိုအပ်သည့်လိုအပ်ချက်များကို ကူညီဖြည့်ဆည်းထောက်ပံ့ပေးခြင်း စသည်ဖြင့် ဘက်ပေါင်းစုံအောင်အားပေးလျက်ရှိပါသည်။

ထိုသို့ စီမံဆောင်ရွက်ပေးနေခြင်းသည် မိဘတို့၏ ရင်သွေးရတနာများဖြစ်ကြသော၊ နိုင်ငံတော်၏ ရင်သွေးရတနာများဖြစ်ကြသည့် လူ့စွမ်းအားရင်းမြစ်အညွန့်အဖူးများကို မညှိုးမနွမ်း၊ မခြောက်မသွေ့ဘဲ လန်းဆန်းရှင်သန်နေအောင် ပြုစုစောင့်ရှောက် မြေတောင်မြှောက်ပေးနေခြင်းပင်ဖြစ်ပါသည်။

ယခုအချိန်အခါသည် အင်အားပြင်းငလျင်ဒဏ်ကြောင့် အမျိုးမျိုးအဖုံဖုံ အနိဋ္ဌာရုံများဖြစ်အောင် ပြိုလဲပျက်စီးသွားသည်များကိုကြည့်ပြီး ကြေကွဲဝမ်းနည်းနေရမည့် အချိန်အခါမဟုတ်တော့ပါ။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၊ သတ်မှတ်ဒေသများရှိစာဖြေဌာနအသီးသီးတွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုရေး လုပ်ငန်းများ စသည့်လုပ်ငန်းစဉ်များကို နိုင်ငံသူ နိုင်ငံသားအားလုံးက တက်ညီလက်ညီ၊ အင်တိုက်အားတိုက်၊ အားတက်သရော ပူးပေါင်းပါဝင်ကာ အမျိုးသားရေးတာဝန်များအဖြစ် လေးလေးနက်နက် ခံယူပြီး အမျိုးသားရေးအမြင်ဖြင့် ဆောင်ရွက်ကြရမည့် အချိန်အခါပင် မဟုတ်ပါလား ။ ။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၈**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/ အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ သစ္စာစေတီ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများကိုလည်းကောင်း၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော ကျောင်းဆောင်များကိုလည်းကောင်း၊ ပါရမီရပ်ကွက်ရှိ လူနေအဆောက်အအုံများကို စက်ယန္တရားကြီးဖြင့် ဖယ်ရှားရှင်းလင်းနေမှုကိုလည်းကောင်း၊ နန်းဦးမြို့သစ်ရှိ မရှိခဏစေတီ၊ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာ ကောင်းမှုတော်စေတီတို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများကိုလည်းကောင်း၊ ကျောက်ဆစ်ရပ်ကွက်ရှိ နည်းပညာတက္ကသိုလ်တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော ကျောင်းဆောင်အဆောက်အအုံများကိုလည်းကောင်း ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများအား သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့သို့ရောက်ရှိလာသော ထိုင်းဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General UKRIS BOONTANONDHA နှင့်အတူ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ်(၂၇) အခြေခံပညာအထက်တန်းကျောင်း အောင်တံခွန်ခန်းမ၌ ကျင်းပပြုလုပ်သော ထိုင်းတပ်မတော် အင်ဂျင်နီယာအဖွဲ့က ငလျင်ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

ဦးစွာ ထိုင်းဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General UKRIS BOONTANONDHA၊ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် အဖွဲ့သည် အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်း အောင်တံခွန်ခန်းမ၌ ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာနရုမော် ဦးစီး၍ ငလျင်ဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ထိုင်းဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ထိုင်းတပ်မတော် အင်ဂျင်နီယာအဖွဲ့မှ ငလျင်ဘေးသင့်ပြည်သူများအတွက် လှူဒါန်းသော ထောက်ပံ့ပစ္စည်းများအား ပေးအပ်လှူဒါန်းပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ထိုင်းဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General UKRIS BOONTANONDHA၊ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် အဖွဲ့သည် ထိုင်းတပ်မတော် အင်ဂျင်နီယာအဖွဲ့က ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးသော ယုဇန နှစ်ထပ်စာသင်ဆောင်၊ နှင်းဆီ နှစ်ထပ်စာသင်ဆောင်၊ အောင်တံခွန်ခန်းမနှင့် ရေသန့်စက်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ကြီးတံခွန်မြို့နယ်ရှိ အောင်တံခွန်ဈေးသို့ သွားရောက်၍ ၎င်းဈေးအတွင်း၌ ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် ထိုင်းတပ်မတော် အင်ဂျင်နီယာအဖွဲ့က လှူဒါန်းသော လူနေတဲ အလုံး ၆၀ နှင့် ထောက်ပံ့ပစ္စည်းများအား ပေးအပ်လှူဒါန်းပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ထိုင်းဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General UKRIS BOONTANONDHA၊ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် အဖွဲ့သည် တံတားဦးလေဆိပ်သို့ ရောက်ရှိကြပြီး ငလျင်ဘေးသင့်ပြည်သူများအတွက် လှူဒါန်းသော ပစ္စည်း ၁၁ မျိုးအား လက်ခံရယူ၍ ဓာတ်ပုံရိုက်ကူးကြကာ ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့်ပြန်လည်ထွက်ခွာမည့် ထိုင်းဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General UKRIS BOONTANONDHA ဦးဆောင်သော အဖွဲ့အား ပို့ဆောင်နှုတ်ဆက်သည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ဆင်တဲတိုက်သစ်ကျောင်းတိုက်၊ အမရပူရမြို့နယ်ရှိ ပုထိုးတော်ကြီး ဆုတောင်းပြည့်မြတ်စွာဘုရား၊ ဆေးအိုးဘိုကျေးရွာရှိ ဓမ္မမဏ္ဍိုင်ကျောင်း၊ ဇဗူထိပ်ပန်ဘုရားများသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည်များကိုလည်းကောင်း၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုအားပေး၍ ဆရာတော်ကြီးများအား အလှူငွေများ ပေးအပ်လှူဒါန်းကာ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဘုရားစေတီပုထိုးများမှ အပျက်အစီးများရှင်းလင်းစဉ် ပြန်လည်သိမ်းဆည်းတွေ့ရှိရသော ဌာပနာပစ္စည်းများအား စနစ်တကျထားရှိထိန်းသိမ်းရန်နှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ်(၃၉) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ တပ်မတော်သားများ စုပေါင်း၍ အပျက်အစီးများဖယ်ရှားရှင်းလင်းနေမှုများကိုလည်းကောင်း၊ စာသင်ကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ ၄က္ကတောင်ကျေးရွာအုပ်စု ရွာဦးဘုန်းကြီးကျောင်းတိုက်ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ရွာဦးသိမ်စေတီအပျက်အစီးများအား မြို့မိမြို့ဖများစုပေါင်း၍ ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့မိ၊ မြို့ဖများအတွက် အချိုရည်နှင့် ရေသန့်ကတ်များ ပေးအပ်ခဲ့ကာ တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက် ဆူးကုန်းကျောင်းတိုက်ရှိဖြိုဖျက်ထားသော အဆောက်အအုံများကို တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်မြို့ရှိ UNITY HEART မှဦးစီး၍ ငလျင်ဘေးသင့်ပြည်သူများအတွက် ဖွင့်လှစ်ထားရှိသော ဖောင်ရွာရပ်ကွက်ရှိ မေတ္တာကွန်ခိုရာ(၂) ကယ်ဆယ်ရေးစခန်းသို့သွားရောက်၍ ပြည်သူများအား စိတ်လူမှုပိုင်းဆိုင်ရာ ကူညီပံ့ပိုးခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့ကာ ငလျင်ဒဏ်ကြောင့် ပြည်သူများ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားခဲ့ရမှုများ ရှိခဲ့သောကြောင့် စိတ်ပိုင်းဆိုင်ရာ ပြန်လည်ကုစားနိုင်ရေးအတွက် ယခုလိုဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး စိတ်ပညာပါမောက္ခချုပ်(အငြိမ်းစား) ဒေါက်တာမြင့်လွင်က ငလျင်ဒဏ်သင့်ပြည်သူများအတွက် စိတ်ပိုင်းဆိုင်ရာ ကုထုံးဆွေးနွေးမှုများအား ဟောပြောခြင်း၊ ငလျင်ဒဏ်သင့်ပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာခံစားချက်နှင့်သက်ဆိုင်သော မေးခွန်းများအား ပြန်လည်ဖြေကြားခြင်းနှင့် အကြံပြုခြင်းများ ဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်ရှိ ခရိုင်လမ်းဦးစီးရိပ်သာ၌ G-12 စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အနီးကပ် သင်တန်းလာရောက်သင်ကြားပို့ချပေးခဲ့သော တက္ကသိုလ်ဆရာ ဆရာမများအတွက် ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားသို့တက်ရောက်ပြီး သင်ကြားပို့ချပေးခဲ့သော ဆရာ ဆရာမ ၁၄၃ ဦးအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၇၁၅၀၀၀၀ အား ပေးအပ်ခဲ့ပြီး ကျေးဇူးတင်စကား ပြောကြားသည်။ ကျောက်ဆည်ခရိုင်အတွင်းရှိ မြို့နယ်များ၌ G-12 စာမေးပွဲပြန်လည်ဖြေဆိုနိုင်မည့် ကျောက်ဆည်မြို့နယ်မှ ရှိရင်းကျောင်းသား ကျောင်းသူ ၁၅၀၃ ဦးရှိသည့်အနက် Revision Class တက်ရောက်ပြီး ဝင်ရောက်ဖြေဆိုမည့် ဦးရေမှာ ၁၃၀၉ ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် ၈၇ ဒသမ ၀၉၃ ရာခိုင်နှုန်းဖြစ်ကြောင်း၊ စဉ့်ကိုင်မြို့နယ်မှ ရှိရင်းကျောင်းသား ကျောင်းသူ ၁၂၅၁ ဦး ရှိသည့်အနက် Revision Class တက်ရောက်ပြီး ဝင်ရောက်ဖြေဆိုမည့်ဦးရေမှာ ၁၂၅၁ ဦး ဖြစ်သည့်အတွက် ၁၀၀ ရာခိုင်နှုန်းအပြည့် ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း၊ မြစ်သားမြို့နယ်မှ ကျောင်းသား ကျောင်းသူ ရှိရင်း ၈၅၄ ဦး အနက် Revision Class တက်ရောက်ပြီး ဝင်ရောက်ဖြေဆိုမည့်ဦးရေမှာ ၈၄၁ ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၄၇၈ ရာခိုင်နှုန်းအထိ ပြန်လည်ဖြေဆိုကြမည်ဖြစ်ကြောင်း၊ ကျောက်ဆည်ခရိုင်အတွင်း

*စာမျက်နှာ ၁၃ သို့*



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ စစ်ကိုင်းမြို့ ရာဇာမဏိစူဠာ ကောင်းမှုတော်စေတီတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသော သာသနိကအဆောက်အအုံများ ရှင်းလင်းဖယ်ရှားနေမှု ကြည့်ရှုအားပေးစဉ်။



ထိုင်းဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General UKRIS BOONTANONDHA၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် ငလျင်ဘေးသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံမှ လှူဒါန်းသော ပစ္စည်း ၁၁ မျိုးအား လက်ခံရယူပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



# မန္တလေးမြို့ရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် မေ ၈**

မန္တလေးမြို့ရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ယနေ့မွန်းလွဲပိုင်းတွင် Yoma Group က ငွေကျပ်သိန်း ၁၀၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (DMC) ရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၂ မှ*

ပြန်လည်ဖြေဆိုရမည့် ကျောင်းသား ကျောင်းသူ ၃၆၀၈ ဦး ရှိသည့်အနက် ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူအရေအတွက်မှာ ၃၄၀၁ ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် ၉၄ ဒသမ ၂၆၃ ရာခိုင်နှုန်း ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ပြီး တက်ရောက်ရန်ကျန်ရှိသော ကျောင်းသား ကျောင်းသူ ၂၀၇ ဦး ရာခိုင်နှုန်းအားဖြင့် ၅ ဒသမ ၇၄ ရာခိုင်နှုန်းဖြစ်ပြီး ကျန်ရှိသည့် အဝေးရောက်ကျောင်းသား ကျောင်းသူများအားလည်း စာမေးပွဲပြန်လည်ဖြေဆိုနိုင်ရေးအတွက် ချိတ်ဆက်ကူညီ ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ Modular House နှစ်လုံး တပ်ဆင်ပြီးစီး၍ ယာယီရုံးဖွင့်လှစ်ဆောင်ရွက်နေမှု အခြေအနေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ Modular House ငါးလုံး တည်ဆောက်လျက်ရှိသည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သောက်သုံးရေ၊ ရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျ ပြုလုပ်ဆောင်ရွက်ထားရှိရန် မှာကြားပြီး တာဝန်ရှိသူများက တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြည်သူများလက်ဝယ်သို့ တိုက်ရိုက်ဆက်လက်ရောင်းချပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့မိမြို့ဖများမှ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်ရှိ ခရိုင်လမ်းဦးစီးရိပ်သာ၌ ကျောက်ဆည်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ကျောက်သေတ္တာစေတီ ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်မည့် အခြေအနေများ၊ ဖောင်ရွာကွင်း၌ ယာယီဈေး တည်ဆောက်နိုင်ရေးစီမံဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြည်သူများ လက်ဝယ်သို့ ရောင်းချပေးနေမှုအခြေအနေများ၊ Modular House များ တည်ဆောက်ပြီးစီးမှုနှင့် တည်ဆောက်နေမှုအခြေအနေများ၊ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြို့သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များ စနစ်တကျစွန့်ပစ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းဆောင်ရွက်နိုင်ရေးတို့အား သက်ဆိုင်ရာဌာနဆိုင်ရာဝန်ထမ်းများမှ အတူတကွ ဝိုင်းဝန်းကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်သွားရမည့်သူများဖြစ်ကြောင်း ပြောကြားပြီး ဌာနအသီးသီးမှ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၈**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် မေ ၈ ရက်အထိ သေဆုံးသူ ၃၇၉၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၈၆ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၉၇ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၇ ရက် ညနေ ၅ နာရီမှ မေ ၈ ရက်ညနေ ၅ နာရီအတွင်း မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံရုံးမှတစ်ဆင့် Lotus Charity Society ကထောက်ပံ့သည့် ခေါက်ဆွဲခြောက် (အလေးချိန် ၀ ဒသမ၄ တန်)၊ တရုတ် (တိုင်ပေ) အခြေစိုက် ဗုဒ္ဓဘာသာကျူချီပရဟိတဖောင်ဒေးရှင်းက ထောက်ပံ့သည့် ခြင်ထောင်နှင့် အသင့်စားထမင်းဘူး (အလေးချိန် ၀ ဒသမ ၉၄ တန်) နှင့် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှတစ်ဆင့် မလေးရှားနိုင်ငံ ဆီလန်ဂေါပြည်နယ်ရှိ KRI SAKTHI NYANAETHIRA KANIMADAM YOGI RAMSURATKUMAR SHIRAMAM and PERSATUAN RENGANUT DEVI SHRI KARUMARIAMMAN TEMPLE မှ လှူဒါန်းသော ခေါက်ဆွဲခြောက်၊ အဝတ်အထည်များ ပါဝင်သော ကတ်ထူပုံး ၅၁ ပုံး (အလေးချိန် ၀ ဒသမ ၄၉၄ တန်) ရောက်ရှိခဲ့ပြီး အဆိုပါထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးငလျင်ကြီးဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲ ကျင်းပသွားမည်

**ရန်ကုန် မေ ၈**




မန္တလေးငလျင်ကြီးဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲကို မေ ၁၀ ရက် မှ ၁၂ ရက်အထိ ညနေ ၆ နာရီမှစတင်၍ ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကပြဖျော်ဖြေသွားမည်ဖြစ်သည်။

မေ ၁၀ ရက်တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအစီအစဉ်ဖြင့်လည်းကောင်း၊ မေ ၁၁ ရက်တွင် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အစီအစဉ်ဖြင့်လည်းကောင်း၊ မေ ၁၂ ရက်တွင် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)အစီအစဉ်ဖြင့်လည်းကောင်း ဖျော်ဖြေသွားမည်ဖြစ်သည်။

မေ ၁၀ ရက်တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက နာမည်ကျော်ရုပ်ရှင်အနုပညာရှင်များ၏ ဇာတ်ဝင်တေးသီချင်းများကိုလည်းကောင်း၊ အောင်ခေတ်မင်း ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်တင်ဆက်သည့် ဒါရိုက်တာ သန်းထိုက်(ရွှေရိပ်)၊ သရုပ်ဆောင် ကျော်ထက်အောင်၊ ကျော်ထက်ဇော်၊ မင်းတော်ဝင်၊ ခင်ဇာခြည်ကျော်၊ အေးဝတ်ရည်သောင်း၊ မမဆောင်းနှင့် သရုပ်ဆောင်များစွာပါဝင်သော **"အချစ်ဆုံးအပေါင်ဆိုင်"** ဟာသတစ်ခန်းရပ်ပြဇာတ်ကိုလည်းကောင်း၊ HEY Play Application က စီစဉ်တင်ဆက်သည့် ဒါရိုက်တာ တင်မောင်ဆန်းမင်းဝင်း၏ နက္ခတ်၊ စိုင်းစည်တွမ်ခမ်း၊ နေထွဋ်၊ နော်ဖော်အယ်ထား၊ မေပန်းချီ၊ မေလသံစဉ်နှင့် သရုပ်ဆောင်များစွာပါဝင်သော **"ပြည်သူ့အချော့တော်"** တေးသရုပ်ဖော်ပြဇာတ်ကိုလည်းကောင်း၊ Bo Bo ရုပ်ရှင်ထုတ်လုပ်ရေးနှင့် Triple Six ရုပ်ရှင်ထုတ်လုပ်ရေးတို့ ပူးပေါင်းတင်ဆက်သည့် ဒါရိုက်တာ စိုးမိုးမင်း၊ သက်ဦးမောင်၊ သရုပ်ဆောင် ကောင်းမြတ်စံ၊ ရှင်မွေလ၊ မင်းဘုန်းမြတ်၊ ခြူးလေး၊ ခြူးစစ်ဟန်တို့နှင့် သရုပ်ဆောင်များစွာပါဝင်သော **"ငါတို့အားလုံးလူ ... အတူတူ"** ပြဇာတ်ကိုလည်းကောင်း၊ ဒါရိုက်တာ ညိုမင်းလွင်၏ ရန်အောင်၊ သားညီ၊ မာန်ဟိန်း၊ စည်သူမောင်၊ မြယာတို့နှင့် သရုပ်ဆောင်များစွာပါဝင်သော **"ဖုတ်သွင်းရထား"** ပြဇာတ်ကိုလည်းကောင်း၊ ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)၏ သရုပ်ဆောင် နေတိုး၊ ကျော်ကျော်ဗိုလ်၊ ထွန်းထွန်း၊ ရဲလေးနှင့် သရုပ်ဆောင်များ၊ အကအဖွဲ့များပါဝင်သည့် **"မနက်ဖြန်များ လှပါစေ"** တေးအော်ပရာကိုလည်းကောင်း ဝေဝေဆာဆာ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

မေ ၁၁ ရက်တွင် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အစီအစဉ်ဖြင့် ဂီတအနုပညာရှင်များဖြစ်သည့် နွဲ့ယဉ်ဝင်း၊ ဘိုဘိုဟန်၊ ခင်မောင်ထူး၊ ကိုင်ဇာ၊ စည်သူလွင်၊ ဇော်ပိုင်၊ ဝေလ၊ ပူစူး၊ စိုင်းစိုင်းခမ်းလှိုင်၊ ဟဲလေး၊ လွှမ်းပိုင်၊ မေခလာ၊ L ဆိုင်းဇီ၊ နီနီခင်ဇော်၊ ဝိုင်းစုခိုင်သိန်း၊ မီးနို၊ ဆိုင်စံ၊ ချမ်းမြေ့မောင်ချို၊ အိုင်းရင်းဇင်မာမြင့်တို့၏ သီဆိုဖျော်ဖြေမှုကို ဥက္ကာဦးသာနှင့် Immortal Band တို့ ပေါင်းစပ်အားဖြည့်ထားသည့် ဂီတဖျော်ဖြေပွဲအား တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

မေ ၁၂ ရက်တွင် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)အစီအစဉ်ဖြင့် နာမည်ကျော် ဇာတ်သဘင်မင်းသား၊ မင်းသမီးများ၏ တေးအော်ပရာ၊ ပြဇာတ်၊ နှစ်ပါးသွားအစီအစဉ်များအပြင် ဆက်ကပ်အဖွဲ့၏ တင်ဆက်မှုများဖြင့် အားဖြည့်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

ပဒေသာကပွဲကို အားပေးလိုသူ အနုပညာချစ်ပရိသတ်များ အနေဖြင့် Hot Line နံပါတ်များဖြစ်သော ၀၉-၈၈၀၉၄၂၇၉၂၊ ၀၉-၈၈၀၉၄၂၇၉၃ တို့အား ဆက်သွယ်မေးမြန်း၍ လက်မှတ်များ ဝယ်ယူအားဖြည့်ကုသိုလ်ပါဝင်နိုင်ကြောင်း သိရသည်။ **FDC**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးကာ ထောက်ပံ့ငွေပေးအပ်



**နေပြည်တော်  မေ  ၈**

၂၀၂၄ - ၂၀၂၅ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးခြင်းနှင့် ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ စက်မှုဝန်ကြီးဌာန ဝန်ထမ်းများ၏ သား/သမီးများအနက် နေပြည်တော်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄-၂၀၂၅ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စက်မှုဝန်ကြီးဌာနမှ ပြန်လည်ဖြေဆိုရမည့် ကျောင်းသား ကျောင်းသူ ၁၂၁ ဦး ရှိကြောင်း၊ နေပြည်တော်တွင် ၃၄ ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် ၆၂ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၂ ဦး၊ ကချင်ပြည်နယ်တွင် သုံးဦးဖြစ်ကြောင်း၊ မိမိတို့ ဝန်ထမ်းသားသမီးများအားလုံး ရာနှုန်းပြည့် ပြန်လည်ဖြေဆိုကြရန်နှင့် အောင်ချက်မြင့်မားရေးအတွက် မိဘများနှင့် ဌာနအကြီးအကဲများက လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကျောင်းသား ကျောင်းသူ ၁၂၁ ဦးကို တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း။

အနာဂတ်မျိုးဆက်သစ်များ၏ ပညာအရည်အသွေးတိုးတက်မြင့်မားစေရေးအတွက် နိုင်ငံတော်အစိုးရက အဘက်ဘက်က ဖြည့်ဆည်းဆောင်ရွက်ပေးနေသကဲ့သို့ မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း တတ်စွမ်းသရွေ့ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများအားလုံး ယခုပြန်လည်ဖြေဆိုရမည်ကို အထူးအခွင့်အရေးတစ်ရပ်အနေဖြင့် သဘောထားပြီး အဆင့်မြင့်မြင့် အောင်မြင်မှုရှိစေရန်အတွက် အားသွန်ခွန်စိုက်ကြိုးစား၍ ပြန်လည်ဖြေဆိုကြရန်နှင့် ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်မှ အားကိုးအားထားပြုရသည့် မောင်မယ်များဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီအား ထောက်ပံ့ငွေများကို ချီးမြှင့်ပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။ အခြားတိုင်းဒေသကြီး/ ပြည်နယ်များရှိ စက်မှုဝန်ကြီးဌာန ဝန်ထမ်းသားသမီးများမှ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေများကို သက်ဆိုင်ရာဦးစီးလုပ်ငန်းများမှတစ်ဆင့် ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသောအဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်းဆိုင်ရာကိစ္စရပ်များအတွက် နည်းပညာ (Knowledge Sharing) ဆွေးနွေးပွဲသို့ တက်ရောက်



**နေပြည်တော် မေ ၈**

ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် နည်းပညာ (Knowledge Sharing) ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီးများ၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်သော ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် မြန်မာမြို့ပြအခြေခံအဆောက်အဦဖွံ့ဖြိုးရေးအသင်းတို့မှ တာဝန်ရှိသူများ၊ မြေပြင်တွင် အဆောက်အအုံပြုပြင်ခြင်း ဆောင်ရွက်နေသည့် တည်ဆောက်ရေး ကုမ္ပဏီများမှ အင်ဂျင်နီယာများနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ငလျင်ဒဏ်ကြောင့် ရုံးအဆောက်အအုံများ၊ အထူး အဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများ ထိခိုက်ပျက်စီးခဲ့ပါကြောင်း၊ အဆောက်အအုံများ ပျက်စီးမှုအနည်းအများအလိုက် အပြာရောင်အဆင့်၊ လိမ္မော်ရောင်အဆင့်နှင့် အနီရောင်အဆင့်အဖြစ် ခွဲခြားသတ်မှတ်ခဲ့ပါကြောင်း၊ သာမန်ပျက်စီးမှုဖြစ်သည့် အပြာရောင်အဆင့် ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများကို ပြန်လည်ပြုပြင်နေပြီဖြစ်ပါကြောင်း၊ လိမ္မော်ရောင်အဆင့်ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ပျက်စီးမှုများကို နည်းပညာရှင်များ၏ အကူအညီကို ရယူပြီး ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပျက်စီးမှုကြီးမားသည့် အနီရောင်အဆင့်သတ်မှတ်ထားသော အဆောက်အအုံများ အားလုံးဖြိုဖျက်ရန် မလိုအပ်သောကြောင့် နည်းပညာအသုံးပြု၍ ပြန်လည်ပြုပြင်နိုင်သော အဆောက်အအုံများကို ရွေးထုတ်ပြီး မည်ကဲ့သို့ဆောင်ရွက်သင့်သည်ကို သိရှိရန် နည်းပညာဖြန့်ဝေသည့် အနေဖြင့် Knowledge Sharing ဆွေးနွေးပွဲကို ပြုလုပ်ရခြင်းဖြစ်ပါကြောင်း။

Level-1 (အဆင့်-၁) တွင် အနီရောင်အဆင့် သတ်မှတ်ထားသော အဆောက်အအုံများကို Structure ပညာရှင်များ ပါဝင်သောအဖွဲ့နှင့် Level-2(အဆင့်-၂) စစ်ဆေးရန် လိုအပ်ပါကြောင်း၊ အချို့ အဆောက်အအုံများအား Strengthening ပြန်လည်ပြုလုပ်ရန် Repair နှင့် Retrofit ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ တချို့ Structure ကြီးကြီးမားမား ထိခိုက်သည့် အဆောက်အအုံများကို ပြန်လည်ပြုပြင်ရန် မရနိုင်သည့်အတွက် ဖယ်ရှားရှင်းလင်းရမည်ဖြစ်ပါကြောင်း။

ယနေ့ဆွေးနွေးပွဲတွင် ငလျင်နှင့်ပတ်သက်၍ ခေါင်းစဉ်(၃) မျိုး အကြောင်း ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ Structure ပညာရှင်များသည် မြေပြင်တွင် ကွင်းဆင်းစစ်ဆေးပြီး Strengthening လက်တွေ့ဆောင်ရွက်နေသူများဖြစ်သည့်အတွက် အကြီးစားပျက်စီးနေသည့် အဆောက်အအုံများကို စစ်ဆေးရမည့်နည်းလမ်းများနှင့် ပြုပြင်ရမည့်နည်းစနစ်များကို ဆွေးနွေးကြမည်ဖြစ်ပါကြောင်း၊ ယနေ့ ဆွေးနွေးပွဲမှ အကောင်းဆုံး ပြုပြင်ရမည့် နည်းလမ်းများနှင့် ဖြေရှင်းရမည့် အခက်အခဲများကို သိရှိကြပြီး လက်တွေ့မြေပြင်တွင် ငလျင်ဒဏ်သင့် အဆောက်အအုံများကို ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ရာ၌ အကောင်းဆုံးနည်းလမ်းများ ရရှိနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ငလျင်ကော်မတီမှ ပညာရှင် ဦးစောထွေးဇော်က မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသည့် အဆောက်အအုံများ ပြန်လည်ပြုပြင်ရမည့်အခြေအနေ၊ ငလျင်ဖြစ်ပေါ်ရသည့် အခြေခံ သဘောတရားများနှင့် Structural Assessment Framework and Approach for Unsafe (red) Building ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင် ဦးစန်းကြူက Detail Assessment , Restoration and Retrofitting of Seismic Affected Buildings ခေါင်းစဉ်ဖြင့် ငလျင်ဒဏ်သင့် အဆောက်အအုံများ ပြုပြင်ဆောင်ရွက်ရမည့် နည်းလမ်းများကို လည်းကောင်း၊ အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံတည်ဆောက်ရေး စီမံကိန်းများ ကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့မှ ဦးထင်အောင်က Forensic Engineering using Seismo Build Software ခေါင်းစဉ်ဖြင့် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံများကို Software အသုံးပြု၍ အဆောက်အအုံ၏ ခံနိုင်ရည်အား စစ်ဆေးခြင်းနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း Power Point များဖြင့် ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ပညာရှင်များ၊ တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်သော ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ ဆောက်လုပ်ရေး လုပ်ငန်း အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ငလျင်ဒဏ်သင့် အဆောက်အအုံများကို ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေသော ကုမ္ပဏီများမှ အင်ဂျင်နီယာများက သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြပြီး ပညာရှင်များက ပြန်လည်ဖြေကြားကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော်  မေ ၈ - ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ၂၀၂၅ ခုနှစ်၊ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများ ပြန်လည်ကျင်းပမည်

**နေပြည်တော် မေ ၈**

မတ် (၂၈) ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ခေတ္တရွှေ့ဆိုင်းထားရသော ၂၀၂၅ ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲကို ဇွန် ၂ ရက်မှ ၆ ရက်အထိလည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို ဇွန် ၄ ရက်မှ ၁၀ ရက်အထိလည်းကောင်း ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

**သာသနာရေးဦးစီးဌာန**

ရက်စွဲ၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း (    )ရက်

၂၀၂၅ ခုနှစ်၊ မေလ (    )ရက်

၁၃၈၇ ခုနှစ်(၂၀၂၅)ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲကို အောက်ပါအချိန်ဇယားအတိုင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

**အစိုးရဓမ္မာစရိယစာမေးပွဲ အချိန်စာရင်း**

| ရက်စွဲ | အချိန် | ဘာသာ |
|---|---|---|
| ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း (၇)ရက် (၂-၆-၂၀၂၅)၊ တနင်္လာနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (ပ-နေ့) |
| ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း (၈)ရက် (၃-၆-၂၀၂၅)၊ အင်္ဂါနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (ဒု-နေ့) |
| ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း (၉)ရက် (၄-၆-၂၀၂၅)၊ ဗုဒ္ဓဟူးနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | **မြန်မာဂုဏ်ထူး**<br>ပါစိတျာဒိပါဠိအဋ္ဌကထာ<br>သုတ်မဟာဝါ၊<br>သုတ်ပါထိကပါဠိအဋ္ဌကထာ<br>မဇ္ဈိမနိကာယပါဠိအဋ္ဌကထာ<br>သံယုတ္တနိကာယပါဠိအဋ္ဌကထာ<br>အင်္ဂုတ္တရနိကာယပါဠိအဋ္ဌကထာ<br>ဝိဘင်္ဂဒိပါဠိအဋ္ဌကထာ<br>ပဋ္ဌိသမ္ဘိဒါမဂ္ဂပါဠိအဋ္ဌကထာ |
| ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း (၁၀)ရက် (၅-၆-၂၀၂၅)၊ ကြာသပတေးနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | **ပါဠိဂုဏ်ထူး(ပနေ့)**<br>ပါစိတျာဒိပါဠိအဋ္ဌကထာ (၁)<br>သုတ်မဟာဝါ၊<br>သုတ်ပါထိကပါဠိအဋ္ဌကထာ (၁)<br>ဝိဘင်္ဂဒိပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း (၁၁)ရက် (၆-၆-၂၀၂၅)၊ သောကြာနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | **ပါဠိဂုဏ်ထူး(ဒုနေ့)**<br>ပါစိတျာဒိပါဠိအဋ္ဌကထာ (၂)<br>သုတ်မဟာဝါ၊<br>သုတ်ပါထိကပါဠိအဋ္ဌကထာ (၂)<br>ဝိဘင်္ဂဒိပါဠိအဋ္ဌကထာ (၂) |

**ညွှန်ကြားရေးမှူးချုပ်**

**သာသနာရေးဦးစီးဌာန**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

**သာသနာရေးဦးစီးဌာန**

ရက်စွဲ၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း (    )ရက်

၂၀၂၅ ခုနှစ်၊ မေလ (    ) ရက်

၁၃၈၇(၂၀၂၅)ခုနှစ်၊ ပါဠိပထမပြန်စာမေးပွဲ (ကြီး၊ လတ်၊ ငယ်၊ မူ) တန်းများကို အောက်ပါအချိန်စာရင်းအတိုင်း ကျင်းပမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

**ပါဠိပထမပြန်စာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | အတန်း | ဘာသာရပ် |
|---|---|---|---|
| ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း (၉)ရက် (၄-၆-၂၀၂၅)၊ ဗုဒ္ဓဟူးနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ဝိနည်းကျင့်ဝတ်/ သုကုမာရမဂ္ဂဒီပနီ<br>ဘိက္ခုပါတိမောက်ဘာသာ/ ဓမ္မပဒ<br>ဒွေမာတိကာဘာသာ/ ဓမ္မပဒ<br>〃 |
| ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း(၁၀)ရက် (၅-၆-၂၀၂၅)၊ ကြာသပတေးနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ကစ္စည်းသဒ္ဒါကြီးဘာသာ<br>〃<br>〃<br>〃 |
| ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း(၁၁)ရက် (၆-၆-၂၀၂၅)၊ သောကြာနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | အဘိဓမ္မတ္ထသင်္ဂဟဘာသာ<br>〃<br>〃<br>〃 |
| ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း (၁၂)ရက် (၇-၆-၂၀၂၅)၊ စနေနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | တိကမာတိကာ<br>တိကမာတိကာ၊ ဒုကမာတိကာနှင့်<br>ဓာတုကထာဘာသာ<br>သုတ္တန္တိကမာတိကာနှင့် ဓာတု<br>ကထာဘာသာ<br>အဘိဓာန်၊အလင်္ကာ၊ဆန်းဘာသာ |
| ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း (၁၃)ရက် (၈-၆-၂၀၂၅)၊ တနင်္ဂနွေနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ (၃)နာရီထိ | ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ဘာသာပြန်ဘာသာ<br>ယမိုက်အောက်(၅)ကျမ်းဘာသာ<br>ယမိုက်အထက်(၅)ကျမ်းဘာသာ |
| ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း (၁၄)ရက် (၉-၆-၂၀၂၅)၊ တနင်္လာနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ (၃)နာရီထိ | ပထမလတ်တန်း<br>ပထမကြီးတန်း | ဘာသာပြန်ဘာသာ<br>ပဋ္ဌာန်းကုသလတိက်ဘာသာ |
| ၁၃၈၇ ခုနှစ်၊ နယုန်လပြည့် (၁၀-၆-၂၀၂၅)၊ အင်္ဂါနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ (၃)နာရီထိ | ပထမကြီးတန်း | ဘာသာပြန်ဘာသာ |

**မှတ်ချက်။** လူနှင့်သီလရှင်များသည် (၄-၆-၂၀၂၅)ရက်နေ့တွင် ဝိနည်းဘာသာအစား ပထမကြီးတန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ (သုခဝဂ်မှအဆုံးထိ)၊ ပထမလတ်တန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ (ပဏ္ဍိတဝဂ်မှဗုဒ္ဓဝဂ်အဆုံးထိ)၊ ပထမငယ်တန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ(အစမှဗာလဝဂ်အဆုံးထိ)၊ အခြေပြုမူလတန်း၌ သုကုမာရမဂ္ဂဒီပနီ(လယ်တီ)တို့ကို ဖြေဆိုကြရန် ဖြစ်ပါသည်။

**ညွှန်ကြားရေးမှူးချုပ်**


**သာသနာရေးဦးစီးဌာန**

---


❖ *ကျောဖုံးမှ*

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း) တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**၁၂-၅-၂၀၂၅ ရက်နေ့မှ ၁၃-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ**




**၁၄-၅-၂၀၂၅ ရက်နေ့မှ ၁၅-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ**




သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝ ဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေး အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# တောင်ကြီးမြို့နယ်နှင့် နမ့်စန်မြို့နယ်တို့ရှိ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) ၌ တက်ရောက်သင်ကြားလျက်ရှိသည့် သင်တန်းသား သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှု ကြည့်ရှုကာ ဂုဏ်ပြုဆုငွေများ ပေးအပ်

**နေပြည်တော် မေ ၈**

အခြေခံလေကြောင်း လူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၅) (တောင်ကြီးစခန်း)၌ တက်ရောက်သင်ကြားလျက်ရှိသည့် သင်တန်းသား သင်တန်းသူများအတွက် အထူး နေ့လယ်စာ စားပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားပြီး အခြေခံလေကြောင်း လူငယ်သင်တန်းမှ သင်တန်းသား သင်တန်းသူများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ကြသည်။ ယင်းနောက် အခြေခံလေကြောင်း လူငယ်သင်တန်းမှ သင်တန်းသား သင်တန်းသူများက တိုင်းစစ်ဌာနချုပ် တိုင်းသမိုင်းပြတိုက်သို့သွားရောက်လေ့လာခဲ့ကြသည်။

အလားတူ ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့ရှိ နယ်မြေခံလေတပ်စခန်း ဌာနချုပ်တွင် အခြေခံလေကြောင်း လူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၅) တွင် တက်ရောက်လျက်ရှိသည့် သင်တန်းသား သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှုများကို အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ညပိုင်းတွင် နမ့်စန်တပ်နယ် သင်တန်းသားရိပ်သာ၌ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများ၊ သင်တန်း နည်းပြများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများ၏ တေးသီချင်းများ၊ တိုင်းရင်းသား ရိုးရာအကအလှများဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၈၂ ဦး ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၈**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးလျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မယ်ထော်သလေး(KK Park) နှင့် ကျောက်ခတ်နယ်မြေများတွင် တရားမဝင် Online လောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများလုပ်ဆောင်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၈၂ ဦးကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ယနေ့တွင် ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များတွင် လိုအပ်သည့် အထောက်အထား၊ စာရင်းဇယားအချက်အလက်များ မှန်ကန်ပြည့်စုံကိုက်ညီမှုရှိရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးမှ Second Secretary Mr. Wendwosen Melkamu နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။



၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၅၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၇၉၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၆၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မေ ၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Saw June Eh" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မုံရွာမြို့ မြဝတီရပ်ကွက်နေ ဂျွန်မိုးသဲ(ခ)ဂျွန်ကြီး အား ည ၇ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "Pan Ei" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ညောင်သာယာကျေးရွာနေ ပန်းအိခိုင်(ခ) ပန်းအိ အားညနေ ၆ နာရီ၅ မိနစ်တွင်လည်းကောင်း၊ "Eiphu Thein" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့နေ ဧာဧာဖြိုး(ခ)ဧာဧာ အား ညနေ ၆ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❒ *ကျောဖုံးမှ*

ငါးပွဲဆက် အနိုင်ရထားသည့် နှစ်သင်းအနက် Victoria အသင်းမှာမူ ပထမဆုံးရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ ပွဲစဉ် (၄) တွင် Kyaung Sayar Tharhtwe အသင်းက Pacific Sun Far အသင်းကို ရှစ်ဂိုး-နှစ်ဂိုး၊ Avenger Junior အသင်းက မလိခအသင်းကို ကိုးဂိုး-လေးဂိုး၊ SGF အသင်းက Victoria အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ Golden Boys အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ၁၂ ဂိုး-ဂိုးမရှိ၊ King Cobra အသင်းက FFU မင်းမဟော်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့်အနိုင်ရပြီး Jullniss အသင်းနှင့် TKA Stars အသင်း နှစ်ဂိုးစီသရေကျခဲ့သည်။

ခြောက်ပွဲစီကစားအပြီးတွင် Kyaung Sayar Tharhtwe အသင်းက ၁၈ မှတ်၊ Avenger Junior အသင်းနှင့် SGF အသင်းက ၁၆ မှတ်စီ၊ Victoria အသင်းက ၁၅ မှတ်၊ Pacific Sun Far အသင်းက ၁၁ မှတ်၊ King Cobra အသင်းနှင့် Golden Boys အသင်းက ကိုးမှတ်စီ၊ မလိခအသင်းက ခြောက်မှတ်၊ Jullniss အသင်းက လေးမှတ်၊ TKA Stars အသင်းက တစ်မှတ်ရရှိထားကာ FFU မင်းမဟော်အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့ ခြောက်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**ညီမြတ်သော်တာ**
**ဓာတ်ပုံ-MFF**

❍ *ကျောဖုံးမှ*

ပွဲစဉ်တွင်ရှုံးနိမ့်ထားသည့် အာဆင်နယ်အသင်းသည် ယခုပွဲစဉ်တွင် ရလဒ်ထွက်ပေါ်ရေးအတွက် ခြေကုန်ထုတ်လာမှုကြောင့် အိမ်ရှင်ပီအက်စ်ဂျီအသင်းကို ဂိုးရရှိနိုင်သည့် အခွင့်အရေးများနှင့်အတူ ခြေစွမ်းအသာဖြင့် ကစားနိုင်ခဲ့သည်။

ပီအက်စ်ဂျီ အသင်းအတွက် သွင်းဂိုးများကို ရူးစ်နှင့် ဟာကီမီတို့က သွင်းယူပေးပြီး အာဆင်နယ်အသင်းအတွက် ချေပဂိုးကို ဆာကာက သွင်းယူပေးခဲ့သည်။

ပီအက်စ်ဂျီ အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် အင်တာမီလန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

အဆိုပါ ဗိုလ်လုပွဲကို ဂျာမနီနိုင်ငံရှိ အဲလီးနက်စ် အရီနာအားကစားကွင်း၌ ဇွန် ၁ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **အောင်ဇော်**

# ဒိုက်ဦးမြို့နယ်အတွင်း ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဖြည့်ဆည်းဆောင်ရွက်ပေး



**ပဲခူး မေ ၈**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ မေ ၇ ရက်က ဒိုက်ဦးမြို့နယ်အတွင်း ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒိုက်ဦးမြို့နယ် နတ်ကင်းကျေးရွာအုပ်စုရှိ ဦးမင်းလွင်၏ ဥစားဘဲကောင်ရေ ၂၀၀၀ ကို သဘာဝလယ်ကွင်းအစာဖြင့် မွေးမြူထားရှိမှုနှင့် အသားစားကြက်ကောင်ရေ ၄၀၀၀ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုအားပေးပြီး သဘာဝအစားအစာဖြင့် မွေးမြူနိုင်မှသာ အသား/ဥ ဈေးနှုန်းချိုသာစွာ ရောင်းချနိုင်မည်ဖြစ်ကာ ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် ကိုယ်တိုင်မွေးမြူရေး အစာပြုလုပ်၍ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်စေရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။ ယင်းနောက် မွေးမြူရေးလုပ်ငန်းရှင် ဦးဂျေး၏ ဒေသဆိတ်ကောင်ရေ ၁၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး သဘာဝရိုးချောင်းများရှိခြင်း၊ ဗေဒါပင်များ ပေါများခြင်းတို့ကြောင့် ဒေသဝက်နှင့် ဒေသကြက်ကို သဘာဝနည်းလမ်းအတိုင်း ဆက်လက်တိုးချဲ့မွေးမြူသွားရန်နှင့် မွေးမြူရေးလုပ်ငန်းရှင်အစုအဖွဲ့များဖွဲ့စည်း၍ ဈေးငွေရရှိနိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်လျက်ရှိသည့် ဦးဝင်းအောင်၏ ဥစားဘဲကောင်ရေ ၁၅၀၀၊ ဦးမျိုးနိုင်၏ ဥစားဘဲကောင်ရေ ၁၅၀၀ နှင့် ဦးတင်အုန်း၏ ဒေသကျွဲကောင်ရေ ၅၀ မွေးမြူထားရှိမှုတို့ကို ကွင်းဆင်းကြည့်ရှုအားပေးပြီး ပဲခူးတိုင်းဒေသကြီး၏ရေမြေသဘာဝသည် မွေးမြူရေးလုပ်ငန်းအောင်မြင်ဖြစ်ထွန်းနိုင်သည့်အတွက် တစ်ပိုင်တစ်နိုင်အဆင့်မှ စီးပွားဖြစ်မွေးမြူသွားရန်၊ လစဉ်မြို့နယ်အလိုက် တိုးချဲ့မွေးမြူရမည့် ရည်မှန်းချက်များအတိုင်း ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒိုက်ဦးမြို့နယ် အိမ်ခြေလေးဆယ်ကျေးရွာအုပ်စုရှိ တစ်ကွင်းတစ်ဆက်တည်း ဧက ၂၀ ကို မြေဆီလွှာထက်သန်စေရေးအတွက် ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဒိုက်ဦးမြို့ အောင်စိုးမိုးကျေးရွာရှိ ဦးရဲထွန်း၏ စပါးခွံလောင်စာသုံး (Gasifire)ဖြင့် သဘာဝပဲပေါင်းဆီ (မြေပဲဆီ)စက်လည်ပတ်နေမှုကို ကြည့်ရှုအားပေးပြီး ဒေသတွင်း စားအုန်းဆီအစားထိုး မြေပဲဆီစားသုံးနိုင်ရေး ဒေသတွင်းဆီစက်များ တိုးချဲ့ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။ ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ပျဉ်းမလွင်ကျေးရွာ၌ တစ်ကွင်းတစ်ဆက်တည်း ဧက ၅၀၀ တစ်နှစ် နွေစပါးနှစ်သီး ဒုတိယသီးနှံ နွေစပါး စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု ကြည့်ရှုအားပေးပြီး ကတုတ်ရွာမကျေးရွာ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် စနစ်ကျလယ်ယာမြေဖော်ထုတ်ပြီးစီးခဲ့သည့် တစ်ကွင်းတစ်ဆက်တည်း ဧက ၁၂၀ ၌ နွေစပါးရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးရာ တစ်ဧကလျှင် အစိုတင်း ၁၃၆ တင်း ထွက်ရှိခဲ့ပြီး သီးထပ်စွမ်းအား တိုးတက်စေရေး မိုးစပါးပြီးပါက ပဲတီစိမ်းနှင့်မြေပဲ စံပြစိုက်ပျိုးပြသရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**




## မန္တလေးငလျင်ကြီး ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၈**

မန္တလေးငလျင်ကြီး ဘေးဒဏ်သင့်ဒေသများပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရုပ်ရှင်၊ သဘင်၊ ဂီတအစည်းအရုံးတို့၏ စီစဉ်မှုဖြင့် နိုင်ငံကျော် ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာရှင်များက မေ ၁၀၊ ၁၁ နှင့် ၁၂ရက်နေ့တို့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ညနေ ၆ နာရီမှ ည ၁၀နာရီအထိ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

အဆိုပါ ရန်ပုံငွေပဒေသာကပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက တိုက်ရိုက် (Live) ရိုက်ကူးပြီး MRTV NRC ၊ MRTV Farmers' ၊ MRTV Sports နှင့် MRTV Entertainment (Me) Channel တို့မှ လည်းကောင်း၊ မိတ်ဖက်ရုပ်သံလိုင်းဖြစ်သည့် MWD Education, Knowledge & Sports Channel ၊ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံလိုင်းများဖြစ်သော MNTV ၊ Channel 9 ၊ Sky Premiere Channel ၊ Channel 7 တို့မှ လည်းကောင်း၊ MOI Website ၊ MOI Youtube၊ MRTV Website ၊ MRTV App; Radio App အပါအဝင် Online Media တို့မှလည်းကောင်း တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**သတင်းစဉ်**



## ပုသိမ်မြို့နယ်ရှိ ကျေးရွာသုံးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေး

**ပုသိမ် မေ ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ဒသမအကြိမ်မြောက် ထုတ်ချေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကျွန်းကလေးကျေးရွာ၊ ဇီးဖြူကွင်းကျေးရွာ၊ ကညင်ကုန်းကျေးရွာတို့၌ ထုတ်ချေးခဲ့သည်။

ဦးစွာ ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါက ကျွန်းကလေးကျေးရွာ၊ ဇီးဖြူကွင်းကျေးရွာ၊ ကညင်ကုန်းကျေးရွာများရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၄၂ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဦးစီးအရာရှိနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျွန်းကလေးကျေးရွာ၊ ဇီးဖြူကွင်းကျေးရွာ၊ ကညင်ကုန်းကျေးရွာများတွင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့်သူ စုစုပေါင်းအသင်းသား အသင်းသူ ၆၂ ဦးအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၄၂ သိန်းကို အတိုးနှုန်းသက်သာစွာ ဒသမအကြိမ်မြောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

## မှော်ဘီမြို့နယ်၌ လျှပ်စစ်သွယ်တန်းနည်းပညာသင်တန်းဖွင့်လှစ်

**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း အစီအစဉ်ဖြင့် လျှပ်စစ်သွယ်တန်းနည်းပညာသင်တန်းကို မှော်ဘီမြို့နယ် ဘိုးဒေါနကုန်းကျေးရွာအုပ်စု ရေသိုးကျေးရွာရှိ ရေကြည်သာကျောင်းတိုက်၌ ယနေ့ဖွင့်လှစ်သည်။

အခမ်းအနားတွင် မှော်ဘီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဝင်းစိုးက အမှာစကားပြောကြားပြီး မှော်ဘီခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲဇော်ထွန်းက ဌာန၏လုပ်ဆောင်နေမှုများ၊ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ရခြင်းရည်ရွယ်ချက်များ၊ စီမံကိန်းအကျိုးကျေးဇူးများ၊ လုပ်ငန်းထူထောင်နိုင်ရန် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးမည့်အစီအစဉ်များ၊ လုပ်ငန်းထူထောင်မည့်သူများရွေးချယ်ရာတွင် အမှန်တကယ်လုပ်ငန်းထူထောင်မည့်သူများကိုသာ ရွေးချယ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



အဆိုပါ လျှပ်စစ်သွယ်တန်းနည်းပညာသင်တန်းကို ၁၅ ရက်ကြာ စာတွေ့ ၃၀ ရာခိုင်နှုန်းနှင့် လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား ၁၀ ဦး တက်ရောက်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# လျှော်ဘေးဒဏ်သင့် အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်နှင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့ရမှုထောက်ပံ့ငွေဆိုင်ရာ ကြေညာချက်ထုတ်ပြန်

နေပြည်တော်  မေ ၈

လျှော်ဘေးဒဏ်သင့် အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀% လျှော်ာက်ထားခြင်းလုပ်ငန်းအစီအစဉ်နှင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့ရမှု ထောက်ပံ့ငွေတောင်းဆိုလွှာနှင့် အလုပ်ရှင်ထံမှ အကြောင်းကြားစာ ပုံစံ(၂၅/၂၆)တို့အား ကြေညာအပ်ပါသည်။

## လျှော်ဘေးဒဏ်သင့် အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ % လျှောက်ထားခြင်းလုပ်ငန်းအစီအစဉ်

| စဉ် | စံပြုလုပ်ငန်းစဉ်(SOP) | ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ် | ဆောင်ရွက်ရမည့် အဖွဲ့အစည်း |
|---|---|---|---|
| ၁ | မန္တလေးငလျင်ဘေးဒဏ်သင့် ဒေသများ သတ်မှတ်ခြင်း | မန္တလေးငလျင်ဘေးဒဏ်သင့်ဒေသများအဖြစ် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ကို သတ်မှတ်ခြင်း၊ | အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ |
| ၂ | အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း | - “သဘာဝဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀%” နှင့် သက်ဆိုင်သော အမိန့်ကြော်ငြာစာကိုထုတ်ပြန်ခြင်း၊ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးချိန်မှစ၍ ၃ လအတွင်း အကျိုးခံစားခွင့် လျှောက်ထားခြင်း၊<br>- (၃) လကျော်လွန်သွားသော လျှောက်လွှာများအား အရေးယူဆောင်ရွက်မှုမပြုခြင်း။ | အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်ရှင်၊ အကျုံးဝင်သော အာမခံအလုပ်သမား |
| ၃ | အလုပ်ရှင်၊ အလုပ်ဌာနများမှ သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးများသို့ အကျုံးဝင်သော အာမခံအလုပ်သမားများအတွက် သတ်မှတ် စာရွက်စာတမ်းများ ပြုစုပေးပို့တင်ပြခြင်း | - အလုပ်ရှင်များအနေဖြင့် မိမိတို့၏အလုပ်ဌာနတွင် မှတ်ပုံတင်ပြီး အာမခံအမှတ် (SSN-Social Security Number) ရရှိထားသည့် လက်ရှိအလုပ်လုပ်ကိုင်လျက်ရှိသော အာမခံထားသူများအနက်မှ ၂/၂၀၂၅ လအတွက် ထည့်ဝင်ကြေး ပေးဆောင်ထားပြီး မန္တလေးငလျင်ဘေးဒဏ်သင့်ခဲ့သော အာမခံအလုပ်သမားများသည် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀% ကို လျှောက်ထားနိုင်ခြင်း၊ အကျိုးခံစားခွင့် ၄၀% တွက်ချက်ရာတွင် သင်/အာမခံအလုပ်သမားသည် လစာဝင်ငွေ ကျပ် ၁၄၄၀၀၀ ရရှိပါက အကျိုးခံစားခွင့် ထောက်ပံ့ငွေ ၄၀% ကျပ် ၅၇၆၀၀/-ရရှိပါမည်။<br>- အလုပ်ရှင်သည် မိသားစုထောက်ပံ့အကျိုးခံစားခွင့် ၄၀% အကျုံးဝင်သည့် အာမခံအလုပ်သမား အမည်စာရင်းကို အောက်ပါ စာရွက်စာတမ်းများနှင့်အတူပြုစု၍ သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးများသို့ တင်ပြခြင်း-<br>(က) အလုပ်သမားတစ်ဦးချင်းစီအတွက် “သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှု ထောက်ပံ့ငွေတောင်းခံလွှာ” ပုံစံ(၂၅/၂၆) (ပူးတွဲပါပုံစံ)တွင် အချက်အလက် ပြည့်စုံစွာ ဖြည့်စွက်တင်ပြရန်၊<br>(ခ) ၂/၂၀၂၅ လ ထည့်ဝင်ကြေး Excel File ပူးတွဲတင်ပြရန်၊<br>(ဂ) အာမခံအလုပ်သမား၏ ပိုင်ဆိုင်ပစ္စည်းထိခိုက်ပျက်စီးမှုအခြေအနေ ဓာတ်ပုံမှတ်တမ်း (၄) ပုံ ပူးတွဲတင်ပြရန်၊<br>(ဃ) မိမိပိုင်ပစ္စည်းဥစ္စာဆုံးရှုံးသွားကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ပူးတွဲရန်၊<br>(င) အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ထုတ်ပေးထားသော အိမ်ထောင်စုစာရင်း မိတ္တူပူးတွဲရန်၊ | အလုပ်ရှင်၊ အကျုံးဝင်သော အာမခံအလုပ်သမား<br><br>အလုပ်ရှင်များ၊ သက်ဆိုင်ရာမြို့နယ် လူမှုဖူလုံရေးရုံးများ |
| ၄ | သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးများမှ စိစစ်ခြင်းနှင့်လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)သို့တင်ပြခြင်း | - သံသယရှိသော လျှောက်လွှာများကို ကွင်းဆင်းစစ်ဆေးခြင်းနှင့် အလုပ်ရှင်များမှ တင်ပြလာသည့် မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀% အကျုံးဝင်သူ အာမခံအလုပ်သမားများ၏ လျှောက်လွှာများကို စာရွက်စာတမ်းပြည့်စုံမှု၊ မှန်ကန်မှု ရှိ/မရှိ စစ်ဆေးခြင်း၊<br>- ၂/၂၀၂၅ လအတွက် ထည့်ဝင်ကြေးပေးသွင်းပြီးသူများ ဟုတ်/မဟုတ်ကို မြို့နယ်ရုံးများရှိ Contribution Excel File ဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း၊<br>- အလုပ်ရှင်များမှ တင်ပြချက် မှန်ကန်မှုမရှိပါက လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်)သို့ အစီရင်ခံတင်ပြခြင်းနှင့်အတူ ၎င်းလျှောက်လွှာများအား ပယ်ဖျက်ခြင်း၊<br>- ပြီးပြည့်စုံစွာ စစ်ဆေးပြီးသည့် လျှော်ဘေးဒဏ်သင့် အာမခံအလုပ်သမားစာရင်းအား “သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှု ထောက်ပံ့ငွေတောင်းခံလွှာ” ပုံစံ (၂၅/၂၆) များ၊ ပိုင်ဆိုင်ပစ္စည်းထိခိုက်ပျက်စီးမှုအခြေအနေ ဓာတ်ပုံမှတ်တမ်း (၄) ပုံ၊ အိမ်ထောင်စုစာရင်းတို့နှင့်အတူ နည်းဥပဒေ ၁၃၈ (က) နှင့်အညီ မြို့နယ်လူမှုဖူလုံရေးရုံး တာဝန်ခံအရာရှိ၏ သဘောထားမှတ်ချက်၊ ၂/၂၀၂၅ လ ထည့်ဝင်ကြေး Excel File ပူးတွဲ၍ လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)သို့ တင်ပြခြင်း။ | မြို့နယ်လူမှုဖူလုံရေးရုံးများ၊ လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်) |
| ၅ | လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်) မှ အလုပ်သမား ဝန်ကြီးဌာနသို့ တင်ပြခြင်း | - လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်)သည် သက်ဆိုင်ရာ မြို့နယ်အသီးသီးမှ တင်ပြသော အကျုံးဝင်သည့် အလုပ်သမားအမည်စာရင်းနှင့် ထောက်ပံ့မည့် ငွေပမာဏကို သဘာဝဘေးအန္တရာယ်ထောက်ပံ့မှုစိစစ်ရေးဘုတ်အဖွဲ့ဖြင့် စိစစ်ပြီးပါက အလုပ်သမားဝန်ကြီးဌာနသို့ ထောက်ပံ့ငွေ ထုတ်ယူခွင့်တင်ပြခြင်း၊ | လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်) |
| ၆ | အလုပ်သမားဝန်ကြီးဌာနမှ စိစစ်ခြင်း | - လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်) မှ တင်ပြလာသော အကျုံးဝင်သည့် အလုပ်သမားများ စာရင်းနှင့် ခွင့်ပြုငွေပမာဏကို စိစစ်၍ ထောက်ပံ့ငွေ ထုတ်ယူခွင့်ပြုခြင်း၊ | အလုပ်သမားဝန်ကြီးဌာန |
| ၇ | လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်) မှ မြို့နယ် လူမှုဖူလုံရေးရုံးများသို့ ထောက်ပံ့ငွေထုတ်ပေးခြင်း | - အလုပ်သမားဝန်ကြီးဌာနမှ ထောက်ပံ့ငွေထုတ်ယူခွင့်ပြုပါက နည်းဥပဒေ ၁၃၈(ခ)နှင့်အညီ ညွှန်ကြားရေးမှူးချုပ်သည် ငွေစာရင်းခေါင်းစဉ် “သဘာဝဘေးအန္တရာယ်အတွက် ထောက်ပံ့ကူညီမှုအကျိုးခံစားခွင့် သ-၀၂၉-၂။ (၂)”မှ ထောက်ပံ့ရမည့် ငွေပမာဏအား သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးငွေစာရင်းသို့ ခွင့်ပြု အမိန့်ထုတ်ပြန်ပေးခြင်း၊ | လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်) |
| ၈ | မြို့နယ် လူမှုဖူလုံရေးရုံးများမှ အလုပ်ရှင်/ အလုပ်ဌာနများသို့ ထောက်ပံ့ငွေထုတ်ပေးခြင်း | - သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးများမှ သက်ဆိုင်ရာလုပ်ငန်းဌာနရှိ အလုပ်သမားများသို့ ၄၀% ထောက်ပံ့ငွေအား online payment များဖြစ်သော KBZ Pay, AYA Pay, Wave Pay, UAB Pay, Mytel Pay စသည်ဖြင့် မိမိတို့ အဆိုပြုထားသည့် online payment များမှထုတ်ယူခြင်း သို့မဟုတ် ကာယကံရှင်ကိုယ်တိုင်လာရောက်ထုတ်ယူခြင်း၊ အကျိုးခံစားခွင့်ငွေထုတ်ပေးပြီးကြောင်း မှတ်တမ်းဓာတ်ပုံရယူခြင်း၊ ငွေလွှဲအထောက်အထားများရယူခြင်း၊ | မြို့နယ်လူမှုဖူလုံရေးရုံး၊ အလုပ်ရှင်၊ အလုပ်သမား |

စာမျက်နှာ ၁၉ သို့

# အောင်နိမိတ်ဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၂၈,၃၉၂ ဧကရှိသော နယ်မြေကို “အောင်နိမိတ် ဒီရေတော ကြိုးပြင်ကာကွယ်တော” အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၂၅)အရ ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း (၄)ရက် (၂၀၂၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတော ဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်/လေမုန်တိုင်းဒဏ် ခံစားရမှုများအား သဘာဝအစိမ်းရောင်တံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ကမ်းရိုးတန်းဒေသ ရေရှည်တည်တံ့စေရေးကို အထောက်အကူပြုနိုင်ရန်၊ ဒေသခံပြည်သူများအတွက် ငါး၊ ပုစွန်၊ ကဏန်းစသော ရေသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်၊ ကုန်းတွင်းပိုင်းသို့ ဆားငန်ရေ ဝင်ရောက်မှုများမှ တားဆီးကာကွယ်နိုင်ရန်နှင့် ဒီရေတော ဂေဟစနစ် စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ဒီရေတော ကြိုးဝိုင်း / ကြိုးပြင် ကာကွယ်တောများ ဖွဲ့စည်း သတ်မှတ်ခြင်းဖြစ်ပါသည်။

အောင်နိမိတ် ဒီရေတောကြိုးပြင် ကာကွယ်တော သတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ဒီရေတောသစ်မျိုးများဖြစ်သည့် သမဲ့၊ လမု၊ သရော၊ ကန့်ပလာ၊ သခွတ်၊ ရေခရားသစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ငါးမျိုးစုံ၊ ပုစွန်မျိုးစုံ၊ ခရုမျိုးစုံ၊ ကဏန်းမျိုးစုံတို့၏ ရှင်သန်ပေါက်ဖွားရာ ဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်း၊ ဘုတ်၊ ဒင်ကြီးငှက်၊ ဗျိုင်း၊ ငှက်ကြား၊ ခရုစုတ်ငှက်၊ ဘီလုံးငှက်၊ စင်ရော်ငှက်စသည့် ငှက်မျိုးများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုနိုင်ခြင်း၊ ဒီရေတောများသည် အဏ္ဏဝါဂေဟစနစ်ကို တည်ငြိမ်မှုအတွက် အရေးပါသည့် ဂေဟစနစ်တစ်ခုဖြစ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

*စာမျက်နှာ ၁၈ မှ*

| စဉ် | စံပြုလုပ်ငန်းစဉ်(SOP) | ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ် | ဆောင်ရွက်ရမည့် အဖွဲ့အစည်း |
|---|---|---|---|
| | | - အကျိုးခံစားခွင့် လာရောက်ထုတ်ယူခြင်းမရှိသည့် အလုပ်ရှင်၊ အလုပ်သမားများ၏ ထောက်ပံ့ငွေများကို မြို့နယ်လူမှုဖူလုံရေးရုံးအနေဖြင့် ငွေစာရင်းခေါင်းစဉ် “မိသားစုထောက်ပံ့မှုရန်ပုံငွေ၊ အထွေထွေရငွေ၊ အကျိုးခံစားခွင့်ပြန်ရငွေ ၇-၂။ (၁) (၁၉)၅။” သို့ ပြန်လည်ပေးသွင်းခြင်း၊ | |
| ၉ | အလုပ်ရှင်မှ အကျိုးခံစားခွင့်ရှိသော အလုပ်သမားများထံသို့ ငွေထုတ်ပေးခြင်း | - လူမှုဖူလုံရေးဥပဒေနှင့်အညီ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတို့သည် အလုပ်သမားမှတ်ပုံတင်ရန် ပျက်ကွက်ခြင်း၊ အမှန်တကယ်ရှိသည့် အလုပ်သမားဦးရေအတိုင်း ထည့်ဝင်ကြေးပေးသွင်းမှုမရှိခြင်း၊ လုပ်ခလစာလျှော့နည်းပေးသွင်းခြင်းများကြောင့် အကျိုးခံစားခွင့်မရရှိခြင်း၊ လျော့နည်းရရှိခြင်းများဖြစ်ပေါ်ပါက ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၆၉ နှင့်အညီ အလုပ်ရှင်များမှ လူမှုဖူလုံရေးအဖွဲ့ ကိုယ်စား ထောက်ပံ့ခြင်း၊ | သက်ဆိုင်ရာအလုပ်ဌာနများ |
| ၁၀ | အကျိုးခံစားခွင့်များ အလွဲသုံးစားမှု မရှိစေရေး မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းခြင်း | - သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀% ခွင့်ပြုထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ မြေပြင်ကွင်းဆင်းစစ်ဆေးရေး အထူးအဖွဲ့များဖွဲ့စည်းပြီး စစ်ဆေးခြင်း၊ | အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ |

**မှတ်ချက်။** (၁) အလုပ်ရှင်များအနေဖြင့် အကျိုးခံစားခွင့်လျှောက်ထားရန်အခက်အခဲရှိပါက သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးများသို့ဆက်သွယ်ရန်၊

(၂) သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် အခက်အခဲရှိပါက လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်) တယ်လီဖုန်း အမှတ်- ၀၆၇-၃၄၁၀၇-၁၅၁၊ ၀၆၇-၃၄၁၀၇-၉၁၂၊ ၀၆၇-၃၄၁၀၇-၉၂၅ သို့ ဆက်သွယ်ရန်၊

## “သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှုထောက်ပံ့ငွေ” တောင်းဆိုလွှာနှင့် အလုပ်ရှင်ထံမှ အကြောင်းကြားစာ

လူမှုဖူလုံရေးအဖွဲ့ ပုံစံ (၂၅/၂၆)

“သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှု ထောက်ပံ့ငွေ” တောင်းဆိုလွှာနှင့် အလုပ်ရှင်ထံမှ အကြောင်းကြားစာ

၁။ တောင်းဆိုသူအမည် ---------------------------------
၂။ လူမှုဖူလုံရေးအာမခံစိစစ်ရေးအမှတ် ---------------------------------
၃။ အလုပ်အကိုင်/ရာထူး ---------------------------------
၄။ လူမှုဖူလုံရေးတွင်စတင်အကျုံးဝင်သည့်နေ့ ( ) ရက် ( ) လ ( )ခုနှစ်။
၅။ လွန်ခဲ့သောတစ်နှစ်အတွင်းတစ်လပျမ်းမျှဝင်ငွေ ---------------------------------
၆။ ၂/၂၀၂၅ လအတွက် အလုပ်သမားထည့်ဝင်ကြေး ၂ % ပေးသွင်းထားသည့်ငွေ ------------
၇။ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှုအခြေအနေနှင့် ဥစ္စာပစ္စည်းဆုံးရှုံးမှု---------------------------------
---------------------------------
၈။ နေရပ်လိပ်စာ ---------------------------------
၉။ အကျိုးခံစားခွင့်ထုတ်ယူလိုသောနည်းလမ်း(online payment/လူကိုယ်တိုင်)-----------------
၁၀။ online payment ဖြင့်ထုတ်ယူလိုပါက Accountအမည်နှင့် phone နံပါတ်---------------------------------

ရက်စွဲ။ --------------------------။ တောင်းခံသူလက်မှတ် ------------------

**အလုပ်ရှင်မှ ဖြည့်စွက်ရန်**

အလုပ်ဌာနမှတ်ပုံတင်အမှတ် ---------------------------------

အလုပ်ဌာနအမည်နှင့်လိပ်စာ ---------------------------------

သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှုထောက်ပံ့ကြေးတောင်းဆိုသူ ဦး/ဒေါ် ---------------------------------
သည် ကျွန်ုပ်၏ အလုပ်သမားမှန်ကန်ပြီး လူမှုဖူလုံရေးထည့်ဝင်ကြေးပေးသွင်းပြီးသည့်လပေါင်း ( ) ဖြစ်၍
လွန်ခဲ့သောတစ်နှစ်အတွင်း ဦး/ဒေါ် ------------------------- ၏ တစ်လပျမ်းမျှဝင်ငွေမှာ ----------
-----------------------------ဖြစ်ပါသည်။

မှတ်ချက်။ ---------------------------------

အလုပ်ဌာနတံဆိပ် အလုပ်ရှင်(သို့မဟုတ်)အလုပ်ဌာနတာဝန်ခံလက်မှတ်

---------------------------------

လူမှုဖူလုံရေးရုံးမှဖြည့်စွက်ရန်

(က) ထည့်ဝင်ကြေး ပေးသွင်းပြီးသည့်လပေါင်း ( )
(ခ) ပျမ်းမျှ တစ်လလုပ်ခဝင်ငွေ ( )
(ဂ) အကျုံးဝင်အာမခံအလုပ်သမားအား ထောက်ပံ့ရမည့်ငွေ ၄၀% ( )

တာဝန်ခံအရာရှိလက်မှတ်

## မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး မော်လမြိုင်မြို့၊ မွန်ပြည်နယ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးမှ ဖွဲ့စည်းသည့် တင်ဒါကော်မတီသည် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်တရားရုံး၊ ရာဇဝတ်ကြီးအမှုအမှတ် ၃၄၄၈/၂၀၂၃၊ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈/၉ အမှုမှ ပြည်သူ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ထားသော ရွှေပြည်တန် -၃ ၊ အရှည် ၂၂၀ ပေ၊ ပြန့်အကျယ် ၅၀ ပေ၊ အနောက်ရေစူး ၉ ပေ၊ အရှေ့ရေစူး ၈ ပေ၊ HINO တံဆိပ်ပါ ၃ လုံးတပ်အင်ဂျင် ရေယာဉ် ၁ စီးအား မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

**တင်ဒါလျှောက်လွှာရောင်းချမည့် ရက်/အချိန်/နေရာ** - (၁၃-၅-၂၀၂၅)ရက်မှ (၂၆-၅-၂၀၂၅) ရက်အထိ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ တောင်ရိုးတန်းလမ်း၊ မြေနီကုန်းရပ်ကွက်၊ မော်လမြိုင်မြို့ မွန်ပြည်နယ်။ (ရုံးချိန်အတွင်း)

**တင်ဒါလျှောက်လွှာတင်သွင်း ရက်/အချိန်/နေရာ** - (၁၉-၅-၂၀၂၅)ရက်မှ (၂၈-၅-၂၀၂၅)ရက်အထိ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ တောင်ရိုးတန်းလမ်း၊ မြေနီကုန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။ (ရုံးချိန်အတွင်း)

**တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** - ထပ်မံကြေညာပါမည်။

**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - မွန်ပြည်နယ်အစိုးအဖွဲ့ရုံး၊ အတ္ထရံခန်းမ၊ ဗဟိုလမ်း၊ စစ်ကဲကုန်းရပ်ကွက်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ် သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံစိစစ်ရေးအဖွဲ့**
ဖုန်း-၀၉-၄၃၀၀၅၈၃၆၊ ၀၉-၄၂၆၁၈၄၆၁၂

## ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်း စက်ပစ္စည်းအသုံးစရိတ် မူလခွင့်ပြုရန်ပုံငွေ (နိုင်ငံပိုင်မြန်မာကျပ်ငွေ)ဖြင့် အောက်ပါစက်ပစ္စည်းအမျိုးအစား (၃)မျိုးကို (ဌာနဂိုဒေါင်အရောက်) ဈေးနှုန်းဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| Lot(1) | Amphibious Excavator (22 Ton Class Excavator) | (1)No | Upper Excavator Structure China/Korea/Japan Lower Pontoon Structure Malaysia |
| Lot(2) | Kelly Bar (17 m) with Swivel for Soilmec RT3ST (Friction Type) | (1)No | China |
| Lot(3) | Hydraulic Bored Pile Rotary Drilling Rig (Torque 220 kN–m) with Interlock Kelly Bar | (1)Set | China |

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - (၁၂-၅-၂၀၂၅)ရက်၊ (၁၀:၀၀)နာရီ
(ခ) **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန်** - (၂၃-၅-၂၀၂၅)ရက်၊ (၁၅:၀၀)နာရီ
(ဂ) **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ရုံးအမှတ်(၁၁)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်
(ဃ) **တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန်** - ထပ်မံအသိပေး အကြောင်းကြားပါမည်။

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တံတားဦးစီးဌာန၊ အထောက်အကူပြုဌာနခွဲ (စက်မှု)၊ နေပြည်တော် ဖုန်း-၀၉-၅၀၀၇၀၅၄၊ ၀၉-၄၃၁၇၂၆၁၇၊ ၀၉-၅၀၆၈၅၃၅၊ ၀၉-၅၀၉၁၄၄၉တို့သို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## IN THE MATTER OF ZENNER HAN SEIN THANT COMPANY LIMITED (IN MEMBERS' VOLUNTARY WINDING-UP)
[Under Section 147 of Insolvency Law & Rules 9 & 15 (b) of Insolvency Rules]

The General Meeting of Zenner Han Sein Thant Company Limited (In Members' Voluntary Winding-up) duly held via online on **May 5, 2025, at 11:00 a.m** the following resolutions were passed unanimously as Special Resolutions:

(1) Resolved that the Company be and is hereby wound up voluntarily as Members' Voluntary Winding-up under the Insolvency Law.

(2) Resolved that Daw Hnin Su Mon (B.Com, C.P.A, D.B.L, ACCA, Member of Myanmar Association of Insolvency Practitioners Inc.), holder of Citizenship Scrutiny Card No. 12/Ma Ya Ka (Naing) 114749, Senior Manager of WIN Consulting Limited of Room No. 2D, Rose Condominium, No. 182/194, 1st Floor, Botahtaung Pagoda Road, Pazundaung Township, Yangon Region, Myanmar, be and is hereby appointed as Liquidator of the Company for the purpose of such winding-up and be authorized to carry on the business of the Company to such extent and for such period as may be necessary for the beneficial winding up thereof and be granted such other powers as may be deemed fit or proper.

S/d Liquidator of Zenner Han Sein Thant Company Limited
(In Members' Voluntary Winding-up)

## အများသိစေရန်ကြေညာချက်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉/A၊ မြေကွက်အမှတ် ဃ-၄၄၊ မြေကွက်တည်နေရာအမှတ်(ဃ-၄၄)၊ ရာဇဓိရာဇ်လမ်း၊ ၃၉/Aရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ကညန ဦးစီးသက်သာ) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား အမည်ပေါက် ကညန ဦးစီးသက်သာ (ကိုယ်စား) ဦးနန်းလင်း ၈/အလန (နိုင်)၁၂၆၇၄၆ (ဦးစီးအရာရှိ)မှ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) မူရင်းပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်း၊ ပျောက်ဆုံးသည့်ဂရန်မူရင်းအား အခြားသို့ လွှဲပြောင်းထားခြင်းမရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ ဂရန်မိတ္တူ နိုင်/ကတ်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သီးခြားသတင်းစာတို့တွင် ထည့်သွင်းကြော်ငြာခဲ့ရာ ကြော်ငြာရက်ပြည့်ပြီး ကန့်ကွက်မှုမပေါ်ပေါက်ပါသဖြင့် အမှုတွဲအမှတ် ဒဂမ/ဂရန်မိတ္တူ ၂၀၂၄၀၂၁၉၉၄/၂၀၂၄ (၁၅-၆-၂၀၂၄)ဖြင့် ဂရန်မိတ္တူလျှောက်ထားခြင်းအား ခွင့်ပြုပြီးဖြစ်ပါသဖြင့် မြို့မြေစာရင်း(Town Land Roll)တွင် အမှုတွဲအမှတ် ဒဂမ/ဂရသ ၁၀၈/၂၀၀၀(၂၁-၆-၂၀၀၀)ဖြင့် ထုတ်ပေးထားသည့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းအား ပယ်ဖျက်ပြီးဖြစ်ကြောင်းနှင့် ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁)၊ ရန်ကုန်မြို့ရှိ စာရင်းအမှတ်-CT-54172 ဦးထွန်း(ကွယ်)၊ ဒေါ်ဝင်းကြိုင် အမည်ဖြင့် ရန်ကုန်တိုင်းဒေသကြီး 221/က၊ ဆုထူးပန်(၃)လမ်း၊ (၇၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၏ ဝန်ထမ်းအိမ်ရာ ချေးငွေများအား ပြေကြေစွာပေးဆပ်ပြီးဖြစ်ပါ၍ မြေချပါမစ်(မူ ရင်း)နှင့် စာရွက်စာတမ်းများအား ဒေါ်ဝင်းကြိုင် ၁၂/မရက (နိုင်) ၀၅၁၂၆၀မှ မြေချပါမစ်မူရင်း ထုတ်ယူခွင့်ပြုပါရန် တင်ပြတောင်းခံခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁) ရန်ကုန်ရှိ ဝန်ထမ်းအိမ်ရာ ချေးငွေဌာန စိတ်သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချပါမစ်(မူရင်း)လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း အသိပေးကြော်ငြာလိုက်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁)၊ ရန်ကုန်မြို့**

## အများသိစေရန်ကြေညာချက်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉/A၊ မြေကွက်အမှတ် ဃ/၁၆၊ မြေကွက်တည်နေရာအမှတ် (ဃ/၁၆)၊ ရာဇဓိရာဇ်လမ်း၊ ၃၉/A ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ကညန ဦးစီးသက်သာ) အမည်ပေါက် နှစ် (၆၀) မြေငှားစာချုပ်(ဂရန်) မြေအား အမည်ပေါက် ကညန ဦးစီးသက်သာ (ကိုယ်စား) ဦးနန်းလင်း (၈/အလန(နိုင်)၁၂၆၇၄၆) (ဦးစီးအရာရှိ)မှ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မူရင်းပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်း၊ ပျောက်ဆုံးသွားသည့် ဂရန်အား အခြားသို့လွှဲပြောင်းထားခြင်းမရှိပါကြောင်း ကျမ်းကျိန်လွှာ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ ဂရန်မိတ္တူ နိုင်/ကတ်တို့ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သီးခြားသတင်းစာတို့တွင် ထည့်သွင်းကြော်ငြာခဲ့ရာ ကြော်ငြာရက်ပြည့်ပြီး ကန့်ကွက်မှုမပေါ်ပေါက်ပါသဖြင့် အမှုတွဲအမှတ် ဒဂမ/ဂရ မိတ္တူ ၂၀၂၄၀၂၁၉၈၆/၂၀၂၄ (၁၅-၆-၂၀၂၄)ဖြင့် ဂရန်မိတ္တူလျှောက်ထားခြင်းအား ခွင့်ပြုပြီးဖြစ်ပါသဖြင့် မြို့မြေစာရင်း (Town Land Roll) တွင် အမှုတွဲအမှတ် ဒဂမ/ဂရသ-၁၀၉/၂၀၀၀ (၂၁-၆-၂၀၀၀)ဖြင့် ခွင့်ပြုထားသည့် မြေငှားစာချုပ်(ဂရန်)မူရင်းအား ပယ်ဖျက်ပြီးဖြစ်ကြောင်းနှင့် ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကတ-၁၀)၊ ဒိုင်းစုကျေးရွာ၊ ဂေါက်ကွင်းပတ်လမ်း၊ မြေကွက်အမှတ်(၅၀) မြေအကျယ်အဝန်း (၄၀ x ၆၀)ပေ (၂၄၀၀)စတုရန်းပေ၊ ဦးသန်းအေး (၁၂/လမန (နိုင်)၀၀၉၀၆၂) အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လျက်ရှိသော ဦးထွေးမောင် (၁/မညန(နိုင်)၀၇၂၀၈၇)မှ အရှုပ်အရှင်းကင်းပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ဒေါ်သန်းဆုဖြိုး (၁၂/ဥကမ(နိုင်)၁၇၉၂၈၁)မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးသတ်စာချုပ်ချုပ်ဆိုကာ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ယမင်းနွယ်ဦး** တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၉၄၅၃ )
**ဒေါ်ခင်ဦးသက်ပိုင်** အထက်တန်းရှေ့နေ (စဉ် -၅၀၁၉၀)
အမှတ် (၇၅၁)၊ (၃)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၉၇၈၈၂၀၉၇၄

## ပတ်စ်ပို့ပျောက်ဆုံးခြင်း

ဦးဇော်ဦး၏သမီး မသန္တာခိုင် ၉/တသန(နိုင်)၂၄၅၇၇၅ ၏ ပတ်စ်ပို့ နံပါတ် MJ 655136 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၉၆၀၄၄၅၅**

## ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၄-၂၀၂၅ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၉) ကျိုင်းတုံခရိုင် တရားရုံးတော်၏ ငြင်းချက်ထုတ်ရန် ဆင့်စာ ကြော်ငြာတွင် (တရားမကျင့်ထုံး၊ ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၁)အစား (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/28717, Honda PCX 160, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းစိုး ၁၄/ရကန(နိုင်) ၀၃၂၆၄၄က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆၆ယ/၈၁၀၈၀, Honda Wave 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဝေ ၁၄/ဟသတ(နိုင်) ၂၆၈၂၁၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/62443, Zhineng 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲမိုးဆွေ ၁၄/မမန(နိုင်) ၀၀၂၅၁၀၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀ယ/၆၇၉၈၇, Shayan -110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးသင်း ၉/လဝန(နိုင်) ၁၂၈၀၃၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## စာအုပ် စာပေ လူ့မိတ်ဆွေ

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မင်္ဂလာသုခလမ်း၊ မြေကွက်အမှတ်(၁၀၁၂)၊ မြေပေအကျယ်(၄၀x၆၀)ပေရှိ ဦးဘလှိုင် အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်မှ မခွဲမစိတ်ရသေးသော မြေကွက်အမှတ် ၁၀၁၃ နှင့် ကပ်လျက် မြေပေအကျယ်(၁၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသောလုံးချင်းနေအိမ်ကို ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးမင်းရန်ပိုင်စိုး (၁၂/ဥကမ(နိုင်)၁၉၈၅၆၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဟေမာဝင်း (၁၀/ကတန(နိုင်)၀၉၅၉၇၀)က အပြီးအပိုင်ဝယ်ယူ လက်ရောက်ပိုင်ဆိုင်ထားသူဖြစ်ကြောင်းအများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၉၉၃၉)**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့၊ အမှတ်(၇)ရပ်ကွက်နေ ဦးတင်ညွှန့်၏သား ဦးစိုးမင်းလတ် ၉/မလန (နိုင်)၀၉၄၈၉၄ ၏ ပတ်စ်ပို့နံပါတ် TA 082164 မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၇၁၅၅၈၈၇**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2M/3830 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားအဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်ရပ်ကွက်ကြီး(၂)၊ ဝေဘာဂီလမ်း၊ အမှတ် (၃/၃၂၈)နေ ဒေါ်အေးအေးမြင့် (၇/ပခန (နိုင်)၁၇၅၂၆၈) မှ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်မ၏သားဖြစ်သူ ကိုညီညီဟိန်း (၇/ပခန(နိုင်)၃၃၂၅၈၄) သည် မိဘဆိုဆုံးမသည်ကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သဖြင့် ယနေ့ (၈-၅-၂၀၂၅) ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စများအား တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်အေးအေးမြင့်**
**အမှတ်(၃/၃၂၈)၊ ဝေဘာဂီလမ်း ရပ်ကွက်ကြီး(၂)၊ ဥဿာမြို့သစ်၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ ဆည်မြောင်းလမ်း၊ မြေကွက်အမှတ် (၂၉၆)၊ အကျယ်အဝန်း(၄၁ပေ × ၆၀ပေ)ရှိ ဦးတင်အောင် (O/ RGN- ၀၀၀၆၉၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၂၉၇)နှင့်ကပ်လျက် (၂၀ပေ × ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စိုးသူဇာ (၁၀/ကမရ (နိုင်) ၀၆၇၆၉၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
**ဦးကျော်စိုးဦး** LL.B, အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉)
၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ ပန်းညွှန့်လမ်း၊ မြေကွက်အမှတ်(၇၃၀)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးထွန်းသိန်း (၁၂/မဂတ(နိုင်) ၀၄၅၁၅၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးထွန်းသိန်း၏ မှော်ဘီမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၀/၂၀၂၁) အရ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခိုင်ခိုင်ချို (၁၂/သဃက(နိုင်)၀၂၀၈၀၆) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
**ဒေါ်လင်းလင်းထက်** LL.B, အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)
၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

# "ကမ္ဘောဇ Group နှင့် ကမ္ဘောဇဘဏ်များ နာယကကြီး"အား "လှိုက်လှဲစွာကျေးဇူးတင်ရှိခြင်းနှင့် ဝမ်းမြောက်အနုမော် သာဓုခေါ်ဆိုဂုဏ်ပြုခြင်း"

ကျေးဇူးတော်အရှင် မြောက်ဦးဆရာတော်ကြီး၏ "အာစရိယမြတ်သော ဆရာအရှင်းဖြစ်တော်မူသော" ကျောက်ဖြူမြို့ ယပ်လှဲဆရာတော်ကြီး ဘဒ္ဒန္တစက္ကိန္ဒ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) သိက္ခာတော်(၆၁)ဝါ၊ သက်တော် (၈၂)နှစ်သည် ဘဝနတ်ထံ ပျံလွန်တော်မူသွားခြင်းအတွက် ဆရာတော် ရုပ်ကလာပ်တော်မြတ်အား ရန်ကုန်မြို့မှ ကျောက်ဖြူမြို့သို့ သီးသန့်လေယာဉ်ဖြင့် ပို့ဆောင်ပေးပါသော ကုန်ကျစရိတ်အားလုံးတို့ကို လှူဒါန်းပေးသည့် ကမ္ဘောဇ Group၊ ကမ္ဘောဇဘဏ်များ ဦးဆောင်နာယကကြီး ဦးအောင်ကိုဝင်းနှင့် ဇနီးဒေါ်နန်းသန်းထွေးမိသားစုတို့အားလည်းကောင်း မငြိုးမငြူ အချိန်တိုအတွင်း အခက်အခဲများစွာကြားမှ စီစဉ်ပေးကြသော MAI လေကြောင်းလိုင်း၊ မင်္ဂလာလေကြောင်းလိုင်း အမှုဆောင်လူကြီးများနှင့် ဝန်ထမ်းအားလုံးတို့ကို လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးဥပကာယတင်ရှိကြောင်း ဝမ်းမြောက်အနုမော် သာဓုခေါ်ဆို၍ ဘေးရန် ကင်းကွာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း မေတ္တာပို့ဆုတောင်း၍ ဂုဏ်ပြုအပ်ပါသည်။

**"မြောက်ဦးဆရာတော်ဘုရားကြီး" နှင့် ဓမ္မဝန်ဆောင်အဖွဲ့**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**( တရားမကျင့်ထုံးဥပဒေအမိန့် – ၅ ၊ နည်းဥပဒေ – ၂၀ )**

**တောင်ငူခရိုင်တရားရုံးတော်**

**၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် – (၆၅)**

| | | |
|---|---|---|
| ၁။ ဦးချစ်ဦးမောင် | **နှင့်** | ၁။ ဒေါ်အေးအေးစိမ်း |
| ၂။ ဒေါ်ငြိမ်းချမ်းအေး | | ၂။ ဒေါ်ဖြူဖြူသိန်း |
| **တရားလိုများ** | | **တရားပြိုင်များ** |

တောင်ငူမြို့၊ (၁၁)ရပ်ကွက်၊ ဆရာဖြေလမ်းနေ (ယခုနေရပ်လိပ်စာမသိသူ) ဒေါ်အေးအေးစိမ်း သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးချစ်ဦးမောင်ပါ–၂ ဦးက ခြံမြေကွက်နှင့်အိမ်ကို တရားလိုများမှ အနှောင့်အယှက်ကင်းစွာဖြင့် လက်ရှိထားပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ် စေ၊ ၂၀၂၅ခုနှစ်၊ ဇွန်လ ၅ရက်(၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ဤအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မေလ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးကြည်မောင်)**
**ခရိုင်တရားသူကြီး**
**တောင်ငူခရိုင်တရားရုံး**

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4M/7320 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေဘိုမြို့နယ်၊ ကံဖြူကျေးရွာအုပ်စု၊ ကွင်းအမည်နှင့် အမှတ်(၂၈၀၉)၊ (ပဂိုးကုန်းတောင်ကွင်း)၊ ဦးပိုင်အမှတ်(၂၊ ၃၊ ၄)၊ ဧရိယာ(၈.၉၄)ကေနှင့် ကွင်းအမည်နှင့် အမှတ်(၂၇၅၃)၊ (မင်းရွာကွင်း)၊ ဦးပိုင်အမှတ်(၁၆)၊ ဧရိယာ(၃.၅၆)ကေ၊ စုစုပေါင်း (၁၂.၅၀)ကေရှိမြေကို နိုင်ငံတော်ပိုင်မြေ(State Land) အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ (၉–၇–၂၀၂၄)ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ (၅၆၆/၂၀၂၄)ဖြင့် သတ်မှတ်ပြီး ဦးမောင်မောင်ဟန်၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(ရွှေဘိုမြို့) အမည်ဖြင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနပိုင် အခမဲ့မြေ လွှဲခွင့်ပြုမိန့်ရရှိရေး လျှောက်ထားလာမှုနှင့်ပတ်သက်၍ အဆိုပါမြေနေရာအား ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ရွှေဘိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်ထုတ်ပေးခြင်းလုပ်ငန်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ရွှေဘိုမြို့**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)ရှိ ဦးပြည့်ဖြိုးအောင်(ဘ)ဦးတင်အေး ၁၂/ပဘတ(နိုင်) ၀၀၀၂၇၄ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(S– ၃၀၀၊ S–၃၀၁)၊ ဧရိယာ(၀ဒသမ၄၅၉)ကေအား အမည်ပေါက်သူမှ မြေငှားစာချုပ် ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့် ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## အများသိစေရန်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်လှရိပ်သာ လမ်း၊ အမှတ်(၅၉)နေ ဒေါ်မာမာကို ၁၂/ကမရ(နိုင်) ၀၂၁၇၇၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၉၊ မြေကွက်အမှတ် ၄အက်(ဖ)/၂၂က ၊ အမှတ်(၅၉)၊ အောင်လှရိပ်သာလမ်းဟု ခေါ်တွင်သော မြေပြင်ပေါ်ရှိ (၁)ခန်းတွဲ၊ အလွှာချင်း(၅)ထပ်တိုက်အဆောက်အအုံ၏ မြေညီထပ် အပါအဝင် မြေပေါ်မြေအောက် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့၏ မြေပိုင်ရှင်ဖြစ်သူ အထက်အမည်ပါ ကျွန်ုပ်မိတ်ဆွေမှ စီမံခန့်ခွဲခွင့်ရှိသူ ဖြစ်ကြောင်းနှင့် အဆိုပါအဆောက်အအုံ၏ မြေညီထပ်ဟု သတ်မှတ်ထားသောမြေပေါ်ကို ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ မိမိသဘောဖြင့် လက်ရောက်ရယူ၍ စီမံ ခန့်ခွဲသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒေါ်မာမာကို** | **ဦးစည်သူဝင်း** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၉၁၁)** |
| | **အမှတ်–၄၁(ဒီ)၊ မိုးစန္ဒာလမ်း၊ (၁)ရပ်ကွက်၊** |
| | **ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့** |

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ လယ်ပြင်ရပ်ကွက်၊ နီလာလမ်းနေ ဦးဇော်ဝင်း ၁၂/မဂဒ(နိုင်)၀၈၂၁၅၃ နှင့် ဒေါ်မိုးကြည် ၈/မသန(နိုင်)၀၀၀၀၀၁တို့၏သားဖြစ်သူ မောင်ကောင်းဆက်လျှံ ၈/မသန(နိုင်)၁၄၄၈၀၂သည် မိဘများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ဒုက္ခမျိုးစုံပေးနေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝ ပေါ်ပေါက်လာပါက တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးဇော်ဝင်း–ဒေါ်မိုးကြည်**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၇)လမ်း၊ အမှတ်(၃၈)၊ ခြေရင်းခြမ်း၊ အကျယ်အဝန်း(၂၅ပေ x ၅၀ပေ)အနက်မှ အကျယ်အဝန်း (၁၂ပေခွဲ x ၅၀ပေ)အိမ်ခြံမြေနှင့်ယင်းအိမ်ခြံမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးအား ဒေါ်ခင်အေးရွှေ ၁၁/သတန(နိုင်)၀၂၅၈၈၅မှ အရှုပ်အရှင်းကင်းပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ဦးထွန်းခင် ၁၁/ကဖန(နိုင်) ၀၆၈၇၈၂မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူဦးထွန်းခင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မေမျိုးနိုင် (LL.B,WIPO–Switzerland)**
**အထက်တန်းရှေ့နေ(စဉ်–၄၃၁၉၈)**
**ဖုန်း–၀၉၄၂၅၃၂၈၂၆၃၊ ၀၉–၇၅၆၀၂၁၉၇၁**

---

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၀)၊ မြေကွက်အမှတ် (၁၄၃၃)၊ (၆၀) ရပ်ကွက်၊ အလျား (၄၅) ပေ၊ အနံ (၆၀) ပေ၊ ဧရိယာအားဖြင့် (၀.၀၆၂) ကေရှိသော မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနတွင် နှစ် (၆၀) ဂရန်အမည်ပေါက် ဦးခင်ဇော် (၁၂/လမတ(နိုင်)၀၁၅၉၅၂) အမည်ဖြင့် မှတ်သားတည်ရှိပြီး၊ အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် တိုက်ရိုက်လက်ဝယ်ပိုင်ဆိုင်ထားသူဖြစ်သော ဦးဇော်ထူးအောင် (၁၂/ဒဂဆ(နိုင်)၁၉၉၈၁၉) ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်သန်းနွယ် (၁၂/သကတ(နိုင်)၁၄၄၉၀၆)က အပြီးအပိုင်ဝယ်ယူရန်အတွက် (၇–၅–၂၀၂၅) ရက်တွင် စရန်ငွေပေးကတိစာချုပ်ချုပ်ဆို၍ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက် အရေးဆိုနိုင်ပါသည်။ (၇)ရက် ပြည့်မြောက်ပြီးသည့်ရက်အထိ လာရောက်ကန့်ကွက်ခြင်း တစ်စုံတစ်ရာ မရှိပါက အရောင်းအဝယ် ပြီးမြောက်စေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အိအိမောင်မောင် (LL.B, DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၇၁၉)**
**အမှတ် (1A/50, မြသီတာအိမ်ရာ၊ (၁၁) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၉၄၀၅၅၅၈၂၉**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

(၁) ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဓ/၃၂)၊ လှူနေရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်–၄၉(က+ခ)ဟုခေါ်တွင်သော အလျား(၄၀)ပေ x အနံ(၆၀)ပေ၊ဧရိယာ(၂၄၀၀)စတုရန်းပေ၊ (၀ဒသမ၀၅၅)ကေ အကျယ်အဝန်းရှိသော ဒေါ်နန်းဂေးစိန် ၁၂/အစန(နိုင်) ၀၄၀၀၅၂အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်

(၂) ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဓ/၃၂)၊ လှူနေရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၅၀)ဟုခေါ်တွင်သော အလျား(၄၀) ပေ x အနံ (၆၀)ပေ၊ ဧရိယာ(၂၄၀၀)စတုရန်းပေ၊ (၀ဒသမ၀၅၅)ကေ အကျယ်အဝန်းရှိသော ဒေါ်နန်းဂေးစိန် ၁၂/အစန(နိုင်) ၀၄၀၀၅၂ အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်

အထက်ဖော်ပြပါ မြေကွက်(၂)ကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အပိုင်ရောင်းချသူ ဒေါ်စမ်းစမ်းမိုး ၁၂/ဥကတ(နိုင်)၀၅၄၇၆၀မှ ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်စျာန်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၀၄၈၂)**
**အမှတ်(၁၆၉/က)၊ မကွေး(၅)လမ်း၊ (၆/၁၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ဖုန်း–၀၉– ၄၄၄၄၂၁၅၄၄**

---

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နယ်၊ မာလုံကျေးရွာအုပ်စု၊ မော်စိန်ကျေးရွာနေ ဦးသိန်းဟန် ၅/ဟမလ(နိုင်)၀၉၀၀၂၆ ၏ သမီး မချစ်ချစ်မော် ၅/ဟမလ(နိုင်) ၁၉၃၉၂၃၏ မွေးသက္ကရာဇ်အမှန်မှာ (၁၆–၂–၂၀၀၇) ဖြစ်ပါကြောင်း။

---

## ပျောက်ဆုံးကြောင်း

ကြက်မောက်အုပ်စု၊ သန်းနူတောရွာနေ ဦးတင်ဝင်း၏သမီး မအေးဆွေ ၈/မမန(နိုင်)၂၄၄၈၉၂ ၏ နိုင်ငံကူးလက်မှတ်နံပါတ် ME–448953 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၉၄၃၄၄၃၃၇**

---

## မွေးသက္ကရာဇ်အမှန်

ဦးအောင်ထွန်း၏သမီး မော်လမြိုင်မြို့၊ အထက(ခွဲ) စမ်းကြီး Grade–6 မှ မဖြိုးသဇင်ထွန်း၏ မွေးသက္ကရာဇ်အမှန်မှာ (၁၁–၁၀–၂၀၁၂)ဖြစ်ပါကြောင်း။

**မဖြိုးသဇင်ထွန်း**

---

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

